# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၄)


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထိုင်းရောက်မြန်မာများအား ဩဂုတ်လလယ်မှစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း၍ PJ နိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်လိုသူများအနေဖြင့် ရက်ချိန်းတိုကင်မလိုအပ်ဘဲ ပြုလုပ်နိုင်ကြောင်း သံရုံးကြေညာ

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၁၇ ရက်ကစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း (ရပ်ဆိုင်း)သွားမည်ဖြစ်ကြောင်းနှင့် PJ နိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်လိုသူများအနေဖြင့် ရုံးဖွင့်ရက်များတွင် မြန်မာသံရုံး၊ ကောင်စစ်ဝန်ရုံးသို့ ရက်ချိန်းတိုကင်မလိုအပ်ဘဲ ကိုယ်တိုင်လာရောက် ပြုလုပ်နိုင်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေး ကြေညာထားသည်။

ထိုင်းနိုင်ငံရောက် PJ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဩဂုတ် ၁၃ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

**ယနေ့ ဖတ် စ ရာ**



### ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲ ရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ပြည်တွင်းသတင်း | စာ ၃

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ သွားရောက်လေ့လာ



ပြည်တွင်းသတင်း | စာ ၈




### လှုင်ယဉ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများပြုလုပ်

ပြည်တွင်းသတင်း | စာ ၇

## မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံပေါင်း ၃၀၀၀ ကျော်ရှိပြီဖြစ်ကာ ထပ်မံ ပါဝင်နိုင်ရေး နှိုးဆော်ထား



ဆန်စပါးသိုလှောင်ရုံ။

ရန်ကုန် ဩဂုတ် ၁၃

မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံပေါင်း ၃၀၀၀ ကျော်ရှိပြီဖြစ်ကာ ထပ်မံပါဝင်နိုင်ရေး နှိုးဆော်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ပြောကြားချက်အရ သိရသည်။

ဆန်တန်ချိန် ၅၀ (သို့မဟုတ်) စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်ထားရှိသည့် ဆန်စပါးသိုလှောင်ရုံများအားလုံးကို မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online– MyRO) စနစ်တွင် မှတ်ပုံတင်ရန် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"Myanmar Rice Online – MyRO သိုလှောင်မှု မှတ်ပုံတင်တဲ့စနစ်ကို ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ စတင်ပြီး ဆောင်ရွက်ခဲ့တယ်။ ဩဂုတ် ၁၂ ရက်အထိဆိုရင် သိုလှောင်ရုံအရေအတွက် ၃၀၀၀ ကျော် တစ်နိုင်ငံလုံးမှာ မှတ်ပုံတင်တဲ့စနစ်ထဲ ပါဝင်လာပြီးဖြစ်တယ်။

စာမျက်နှာ ၅ ကော်လံ ၁ ❑

# ရှေးဟောင်းအမွေအနှစ်များထိန်းသိမ်း မိမိပိုင်ပစ္စည်းများနည်းတူစောင့်ရှောက်

မိမိတို့နိုင်ငံ၏ မြေပေါ်မြေအောက်တွင်ရှိနေသော ရှေးဟောင်းအမွေအနှစ်များသည် နိုင်ငံနှင့် လူမျိုးတို့၏ သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်တွင် ပြောင်းလဲတည်ရှိလာခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းသက်သေများဖြစ်သည့်အလျောက် မပျောက်မပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြရန်လိုသည်။ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ၊ စစ်မက်ဘေးနှင့် လူတို့၏ပယောဂများကြောင့် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းသည် နိုင်ငံနှင့်လူမျိုးတို့အတွက် အစားထိုး၍ မရနိုင်သော အဖိုးတန်သမိုင်းမှတ်တမ်းများ ပျောက်ကွယ်သွားရခြင်းပင်ဖြစ်ရာ ရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်းတို့မှာ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်များပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အစောဆုံးသော မြို့ပြများ၊ အကြီးကျယ်အခမ်းနားဆုံးသောမြို့ပြများ ထူထောင်နိုင်ခဲ့သော သမိုင်းရှိသည့် နိုင်ငံဖြစ်သည်။ သမိုင်း၏သက်သေများဖြစ်သည့် နန်းတော်ရာများ၊ မြို့ရိုးများ၊ ကျုံးများမှာမူ အချိန်ကာလ၏ တိုက်စားမှုနှင့် အခြားအကြောင်းတရားများစွာတို့ကြောင့် မထင်မရှား ပျောက်ကွယ်နေခဲ့ကြရသည်။ နိုင်ငံတစ်ဝန်း တည်ရှိခဲ့သည့် ရှေးဟောင်းနန်းတော်များအနက် မန္တလေး၊ ရွှေဘို၊ ပဲခူး၊ ပုဂံ နန်းတော်များကို ၁၉၈၈-၂၀၁၀ တပ်မတော်အစိုးရလက်ထက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအစီအစဉ်ဖြင့် ပြန်လည်ဖော်ထုတ်၍ ပုံစံတူတည်ဆောက်ခဲ့ခြင်းကြောင့် နှောင်းလူတို့ လေ့လာခွင့်ရရှိခဲ့ကြသည်။ မိမိတို့နိုင်ငံသည် သမိုင်းမတင်မီခေတ်များဖြစ်သော ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နှင့် သမိုင်းတင်သည့်ခေတ်ဖြစ်သော ပျူခေတ်မှသည် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်တို့မှ ရှေးဟောင်းအမွေအနှစ်များ ကြွယ်ဝစွာပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ နိုင်ငံအနှံ့အပြားတွင် တည်ရှိနေသည့် ရှေးဟောင်းအမွေအနှစ်များမှာ ပျက်စီးဆုံးရှုံးမှုများ ရှိနေသလို ခိုးယူမှုများကြောင့် ပျောက်ဆုံးမှုများလည်း ရှိနေသည်။

ခိုးယူ၍ မရနိုင်သည့် နန်းတော်ရာများ၊ မြို့ရိုးများနှင့်ကျုံးများမှာ ကျူးကျော်ဝင်ရောက်နေထိုင်မှုများနှင့် ခေတ်အဆက်ဆက်တို့တွင် ဖျက်ဆီးမှုများ၊ မဆင်မခြင် အသုံးပြုမှုများကြောင့် ပျောက်ကွယ်လုနီးနီးဖြစ်နေကြသည်။ မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ၎င်းတို့၏ ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် နန်းတော်များ၊ ကျုံးများ၊ မြို့ရိုးများကို ကောင်းစွာထိန်းသိမ်းထားနိုင်ကြသည်မှာ လေးစားအတုယူဖွယ်ရာပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်များကို ယူထားစဉ်ကာလအတွင်း ရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမှုများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ ပဲခူး ဟံသာဝတီမြို့ရိုးနှင့် ကျုံးများ ဖော်ထုတ်ထိန်းသိမ်းမှု၊ ပုဂံနန်းတော်ကျုံးများ ပြန်လည်တူးဖော်မှုနှင့် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်မှု၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုတို့ ဆောင်ရွက်လျက်ရှိသည့်အပြင် မန္တလေးနန်းတော် မင်္ဂလာတံတားဖြစ်သည့် စည်ရှည်တံတားကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေး၊ တောင်ငူနန်းတော်ရာနှင့် ကေတုမတီမြို့ရိုး ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံသည် ရှည်လျားသည့် သမိုင်းနောက်ခံနှင့်အတူ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့်အလျောက် ရှေးဟောင်းအမွေအနှစ်များစွာတို့က အထောက်အထားများအဖြစ် ရှိနေကြသည်ကို နိုင်ငံသားတိုင်းက ဂုဏ်ယူကြရမည်ဖြစ်သကဲ့သို့ မိမိပိုင်ပစ္စည်းများနည်းတူ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုဟူသည် လူမျိုးတို့၏ ကိုယ်ပိုင်လက္ခဏာများပင်ဖြစ်ပြီး ယဉ်ကျေးမှုပျောက်ကွယ်ပါက လူမျိုးလည်းပျောက်ကွယ်မည်ဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက် တည်ရှိခဲ့သည့် အဆင့်အတန်းမြင့်မားလှသော ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရာတွင် နိုင်ငံသူ နိုင်ငံသားတိုင်း ပါဝင်ကြရပါမည့်အကြောင်း။ ။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅)စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈)စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင် အလှူရှင်များမှ လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ(၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန် ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ မ,တည်ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း တတိယအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ ၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး ၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant ID. 20044314)

၆။ KBZ PAY (ID.70240001001)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ် လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှု”**ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ပြည်သူတွေ **စက်သုံးဆီအခက်အခဲဖြစ်အောင် ပြုလုပ်နေတဲ့ ဝိသမလောဘသားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄ -၈ -၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၀၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၀၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၃၀ | ၃၄၃၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၈၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၀၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ၎င်း၏ သံအမတ်ခန့်အပ်လွှာမိတ္တူကို ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး မြန်မာ – တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲ ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်း၌ ရောင်းချရန် ခင်းကျင်း ပြသထားသည့် ပုလဲအတွဲများ ကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ထို့နောက် တင်ဒါအမှတ်(၁) ဖြစ်သည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၁၅) တွဲအထိနှင့် တင်ဒါအမှတ်(၂) ဖြစ်သည့် ပုလဲအတွဲအမှတ် (၁၁၆) တွဲမှ ပုလဲအတွဲ အမှတ် (၂၃၀) အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် တောင်ပင်လယ် ပုလဲရောင်းချပွဲ ဗဟိုကော်မတီ နာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၁) နှင့် တင်ဒါအမှတ်(၂)တို့မှ ပုလဲအတွဲပေါင်း (၂၃၀) တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၇၇ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲ တတိယနေ့တွင် တင်ဒါအမှတ် (၃) ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ အတွဲအမှတ်(၃၄၅) အထိ ပုလဲအတွဲပေါင်း (၁၁၅)တွဲနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲ အမှတ်(၃၄၆)မှ အတွဲအမှတ်(၄၆၀)အထိ ပုလဲအတွဲပေါင်း ၁၁၅ တွဲတို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ် ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀၊ ပုလဲအလုံးပေါင်း ၁၇၅၀၀၀ ကို ပြည်တွင်းပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ စာသင်ကျောင်း ၉၄ ကျောင်း ပြန်လည်ဖွင့်လှစ်

**ကျောင်းကုန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် ပိတ်ထားသော စာသင်ကျောင်း ၁၃၆ ကျောင်းအနက် ယနေ့နံနက်တွင် ၉၄ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ အ.မ.က ၂၇ ကျောင်း၊ မူလွန်ခြောက်ကျောင်း၊ အ.လ.က (ခွဲ) တစ်ကျောင်း၊ အ.လ.က တစ်ကျောင်း၊ အ. ထ.က(ခွဲ) သုံးကျောင်းနှင့် အ.ထ.က လေးကျောင်း စုစုပေါင်း ၄၂ ကျောင်းသာ မဖွင့်နိုင်သေးကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ဒါးကမြစ်ရေသည် အန္တရာယ်ရေအမှတ်ပေ ၂၀ မှ ပြန်လည်ကျဆင်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ၁၇ ပေကျော်သို့ ရောက်ရှိနေပြီး သုံးပေခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

○ ***ရှေ့ဖုံးမှ***

သံရုံး၏ ထုတ်ပြန်ကြေညာချက်အတွင်း PJ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားပြီး ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် သက်တမ်းကုန်သူများအား စာအုပ်အသစ်ပြုလုပ်ပေးရန်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစတင်၍ စနေနေ့တိုင်း လူကိုယ်တိုင် ရက်ချိန်းတိုကင်လာရောက်ယူခြင်းကို စီစဉ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရက်ချိန်းတိုကင်ရယူသူ အရေအတွက်မှာ အလွန်နည်းပါးသွားပြီဖြစ်၍ လာမည့် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၇ ရက် (စနေနေ့) မှစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း (ရပ်ဆိုင်း) သွားမည်ဖြစ်ကြောင်းနှင့် PJ နိုင်ငံကူးလက်မှတ်အသစ် ပြုလုပ်လိုသူများအနေဖြင့် ရုံးဖွင့်ရက်များတွင် မြန်မာသံရုံး၊ ကောင်စစ်ဌာနသို့ ရက်ချိန်းတိုကင်မလိုအပ်ဘဲ ကိုယ်တိုင်လာရောက်ပြုလုပ်နိုင်ပါကြောင်းလည်း ပါရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ သက်တမ်းကုန်သူများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၏အသိပေးထုတ်ပြန်ချက်တွင် ပါရှိသည်။

**MT**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လပတ်ပုံမှန်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ကောင်စီဝင်များအားလုံးပါဝင်သော လပတ်ပုံမှန်အစည်းအဝေး (၄/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လတ်တလောဖြစ်ပွားနေသည့် မီဒီယာအခင်းအကျင်းများနှင့် ပတ်သက်ပြီး ကောင်စီ၏ဆောင်ရွက်ချက်များ၊ နိုင်ငံအတွက် အရေးကြီးသည့် အခြေအနေများတွင် ခိုင်မာသေချာသည့် သတင်းမှန်များကို အများပြည်သူထံ အချိန်မီရောက်ရှိနိုင်စေရေး အကြောင်းများအပါအဝင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ စတုတ္ထသက်တမ်းအတွက် လွှဲပြောင်းပေးရာတွင် အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်စေရေးတို့ကို ပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်များက ဆောင်ရွက်ချက်များကို အသေးစိတ်တင်ပြခဲ့ကြပြီး တက်ရောက်လာသည့် ကောင်စီဝင်များက အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်များကို သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများသာမက နိုင်ငံအတွင်းမှ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

**လိုက်လံကြည့်ရှုအားပေး**

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်း၊ ငါးသေတ္တာ၊ ငါးနီတူခြောက်ကြော်၊ ငါးကြင်းကြော်ဘူး၊ ငါးဆုပ်ဟင်းဘူး၊ ကြက်သားနှပ်ဘူး၊ ဗာလချောင်ကြော်၊ လက်ဖက်ချဉ်စပ်၊ ကုလားပဲနှပ်၊ ဆေးပေါ့လိပ်၊ မြေပဲပွ၊ မြေပဲဆန်လှော်နှင့် အားဖြည့်အချိုရည်များ လှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမတွင် ပြင်ဆင်ထုပ်ပိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

အလားတူ ယနေ့တွင် တတိယအကြိမ် ပေးပို့လှူဒါန်းနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အဖွဲ့ဝင်များ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ မြေပဲကြော်၊ ဗာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ အသင့်စားချဉ်ပေါင်ကြော်၊ ငါးသေတ္တာဘူး၊ လက်ဖက်နှပ်၊ ငါးပိထောင်းဘူး၊ သရက်သီးသနပ်၊ ခေါက်ဆွဲခြောက်၊ ငါးကြင်းဆန်ပြုတ် စသည့် စားသောက်ဖွယ်ရာ ၁၀ မျိုးတို့ကို အထုပ် ၁၅၀၀ စီ၊ ကော်ဖီမစ်နှင့် တီးမစ် အထုပ် ၃၀၀၀ စီတို့ကို ဩဂုတ် ၁၄ ရက်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။



နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို တွေ့ရစဉ်။

**ဆုတောင်းမေတ္တာစာလွှာများပေးပို့**

စားသောက်ဖွယ်ရာများနှင့် အတူ ဝန်ကြီးဌာနအရာထမ်း၊ အမှုထမ်းများက "တရားသောစစ် မုချအောင်ရမည်၊ အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်း တစ်သားတည်း အတူရပ်တည်နေသည်ကို ခွင်းချက်မရှိ ယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး အောင်ပွဲများနှင့်အတူ ပြန်လာချိန်ကို သပြေပန်းနှင့် ကြိုဆိုရန် အသင့်စောင့်မျှော်နေမည်" အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့မှ ပြည်သူများက ဩဂုတ် ၁၁ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ စားသောက်ဖွယ်ရာများ စုပေါင်းကြော်လှော်ချက်ပြုတ်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေဒေသကာကွယ်ရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာဖြင့် ရှေ့တန်းတွင်တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်၊ အသားတုနှင့် ငရုတ်သီးကြော်၊ ငါးပိငံပြာရည်ကြော်၊ ပဲမျိုးစုံကြော်၊ လက်ဖက်၊ ဆေးလိပ်နှင့် အခြားစားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများက "တိုင်းပြည်၏ အန္တရာယ်ရန်စွယ်အပေါင်းကို တွန်းလှန်တိုက်ခိုက်နေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးစားဂုဏ်ယူလျက်ရှိကြောင်း၊ မကြာမီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးချမ်းစွာ ပြန်လည်နေထိုင်ရတော့မည်ဟု ယုံကြည်မျှော်လင့်နေကြောင်း" စသည့် မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

**ထပ်မံပေးပို့ လှူဒါန်းခြင်းဖြစ်**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ဩဂုတ် ၁ ရက်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခဲ့ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ထပ်မံပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၅ ရက် ညနေပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စုပေါင်း၍ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ စုပေါင်း၍ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးထားမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၁၄၈၄၆ ထုပ်၊ ကြာဆံခြောက်အထုပ် ၉၀၀၊ ငါးသေတ္တာဘူး ၂၁၀၊ ကော်ဖီမစ် ၁၃၇ ပါကင်၊ ကွေကာအုပ် ၁၀ ပါကင်၊ ငါးပိထောင်းဘူး ၅၀၊ ငါးပိကြော်ထုပ် ၆၀ ၊ အမွှေးဆပ်ပြာ ၁၆၈ တုံး၊ ခါတ်ဆား ထုပ် ၂၅၀၊ ဆေးလိပ် ၁၀၆၀၀ ၊ ဂက်စ်မီးခြစ် အလုံးရေ ၁၀၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ လက်ဖက်အသား နှစ်ပိဿာ၊ နှစ်ပြန်ကြော် သုံးပိဿာ၊ ကိတ်ခြောက် ၂၈ ဘူး၊ မိုးကာ အထည် ၂၀ ၊ တီရှပ် ၁၀ ထည်၊ ငံပြာရည်ဘူး ၂၄၀၀၊ အချိုရည်ဘူး ၆၀၀၊ လက်ဆေးဆပ်ပြာဘူး ၁၅၀ ၊ ဆန်ကွတ်ကီးမုန့်ထုပ် ၇၂၀၀၊ ဂျက်ကတ်အင်္ကျီအထည် ၅၀၊ ဘောင်းဘီရှည်အထည် ၅၀၊ အဝတ်အထည်မျိုးစုံအထည် ၁၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ငွေကျပ် ၂၈၇၇၅၅၉၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ မှုထန်၊ ဒေါက်တာဘဗ္ဗေါ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးရခြင်းသည် ထူးချွန်ထက်မြက်သည့် သွေးသစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်းတစ်ခုဖြစ်သကဲ့သို့ ယခုပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမားများကို ဖော်ထုတ်ရွေးချယ်လေ့ကျင့် ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏ ဦးတည်ရည်မှန်းချက်နှင့် အနှစ်သာရများကို အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**တရားမျှတမှန်ကန်စွာဆုံးဖြတ်**

ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါကြောင်း၊ ဒိုင်လူကြီးများ အနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတ မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ အားကစားသမားလူငယ်အပေါင်းတို့အနေဖြင့် ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်ကအားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်ဘောလုံးအားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင် ကစားသွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာခံဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား)အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လေးဂိုး – သုံးဂိုးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး – တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ငါးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

**ဆက်လက်ယှဉ်ပြိုင်ကစားမည်**

ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချင်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးကဖူဆယ်အားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း စုစုပေါင်း ၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ထပ်မံပြီးတော့လည်း သိုလှောင်မှုမှတ်ပုံတင်တဲ့စနစ်မှာ သိုလှောင်ရုံတွေအားလုံး၊ သိုလှောင်မှုတွေပါဝင်နိုင်အောင် တိုက်တွန်းနှိုးဆော်ပြီးတော့ ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်” ဟု ၎င်းက ပြောကြားသည်။

ထို့အပြင် ဆန်ဆိုင်ခန်းများဖြင့် ဆန်ရောင်းချသူများကိုလည်း သိုလှောင်မှုမှတ်ပုံတင်သည့်စနစ်တွင် ပါဝင်နိုင်ရန် စီစဉ်နေကြောင်းလည်း သိရသည်။

“ဘယ်လိုပဲဖြစ်ဖြစ် သိုလှောင်ရုံတွေမှာ သတ်မှတ်ထားတာကတော့ နောက်ဆုံးဆန်ဆိုင်တွေကအစ သိုလှောင်မှုကို မှတ်ပုံတင်တဲ့စနစ်မှာ ထည့်ထားတယ်။ အသေးစား၊ အငယ်စားလေးတွေ အလျား ၁၀ ပေ၊ အနံပေ ၂၀ ပတ် ဆိုင်ခန်းလေးတွေနဲ့ ဆန်ရောင်းတဲ့သူတွေကိုလည်း မှတ်ပုံတင်တဲ့ထဲတော့ထည့်ရမှာပေါ့။ ဒါပေမယ့် သူတို့အတွက်တော့ မှတ်ပုံတင်ကြေးမတောင်းဘူး။ ဒါပေမယ့် မှတ်ပုံတော့ တင်ရမှာပေါ့” ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါစနစ်ကို ဆောင်ရွက်ခြင်းက တစ်နည်းအားဖြင့်ပြောလျှင် ဆန်စပါးကဏ္ဍကို ခေတ်မီ Digital နည်းလမ်းများဖြင့် ပြောင်းလဲပြီး စီမံခန့်ခွဲရန် ပိုမိုလွယ်ကူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ဆန်စပါးဖူလုံရေးအပြင် ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေးနှင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ဆန်စပါးသိုလှောင်ရုံများအနေဖြင့် မှတ်ပုံတင်ရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**MT**

# ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ် အခမ်းအနားကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

**"လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့"** ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များနှင့် နယ်ပယ်ပေါင်းစုံများမှ လူငယ်များ တက်ရောက်ကြသည်။

**နိုင်ငံတော်အလံအလေးပြု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများကအခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဖိုရမ်ကျင်းပရသည့် ရည်ရွယ်ချက်မှာ **"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်"** ဆိုသည့် မျှော်မှန်းချက်နှင့်အညီ လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်လာနိုင်စေရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်များကို ပိုမိုနားလည်လာစေရန်၊ မတူညီသည့် ဒေသအသီးသီးက လူငယ်များ တွေ့ဆုံဆွေးနွေးခွင့် ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်စေရန်၊ လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များ တက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန် ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်အထိ မျှော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည့်အတွက် Panel session သုံးခုအပေါ် အခြေပြုညှိနှိုင်းအဖြေရှာ၍ ရေရှည်ရေတိုလုပ်ငန်းအစီအမံများ ချမှတ်နိုင်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးကြကာ သက်ရှယ်စုံညီပါဝင်သည့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေး ခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် **" ရောင်စုံဥယျာဉ်"** တေးသီချင်းဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်အဖွဲ့က **" မမေ့နိုင်တဲ့မြေ"** တေးသီချင်းနှင့် တွဲဖက်၍ ရိုးရာအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လူငယ်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ **(လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို စာမျက်နှာ ၇ ဖော်ပြထားပါသည်။)**

ကဏ္ဍအလိုက် ဆွေးနွေးမှုများအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ် ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်း လူငယ်များကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လူငယ်ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့်လူငယ်များ အသိပညာဗဟုသုတများ တိုးပွားကာ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများပြသခြင်း၊ စစ်တမ်းကောက်များ ကောက်ယူခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ ဆုလက်ဆောင်များပေးအပ်ခြင်းနှင့် စုပေါင်းဂိမ်းကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ လူငယ်များနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မမြတ်ရွှေရည်ဝင်းကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးဇင်မင်းထက် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းခဲ့သည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။




ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆုရရှိသူများ၊ အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

**ဆက်လက်တင်ပြသွားမည်**

လူငယ်ဖိုရမ်မှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေး၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ အကြံပြုချက်များကို စုစည်းကာ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာ အကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




“ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။




“လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

# လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

**ကဏ္ဍအလိုက်ဆွေးနွေး**

ရှေးဦးစွာ Digital Transformation and innovation ဗီဒီယိုကို ပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မော်တော်ယာဉ်နည်းပညာ သုတေသနဌာနမှ သုတေသနအရာရှိ ဒေါက်တာစိုးထက်ဝေ၊ ATOM Myanmar မှ Senior Vice Present ကိုလွင်ထူးကို၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာမေဖူးဝေနှင့် နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်မှ IT Specialist ကိုဥက္ကာမောင်တို့က **“ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍ”** ခေါင်းစဉ်ဖြင့် မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် နယ်ပယ်ကဏ္ဍစုံတွင် ထိရောက်စွာအသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့်ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်စပ်နေသောကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏ အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့် ပတ်သက်သည့် သိမှတ်ဖွယ် ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန် ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်းနယ်ပယ်များနှင့် စိန်ခေါ်မှုများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ နည်းပညာ တိုးတက်လာမှုနှင့် ပတ်သက်၍ ဆိုးကျိုးနှင့်ကောင်းကျိုးများ၊ Data အချက်အလက်များ၏ လုံခြုံရေးဆိုင်ရာ အချက်အလက်များ၊ လူငယ်များဘဝကို တိုးတက်ပြောင်းလဲစေရန် အသုံးချနိုင်မည့် နည်းပညာစွမ်းအားများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နေ့စဉ်လုပ်ငန်းခွင်တွင် AI နည်းပညာအသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံကျေးလက်နေ လူငယ်များ၏ လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်နှင့် ပတ်သက်သည့် နည်းပညာများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် Socio – Culturl Development မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်မှ ဆရာမ ဒေါ်စုလှဲ့လှဲ့နိုင်၊ နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်ဥက္ကဋ္ဌ ဒေါ်မေဖူးပွင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချမ်းငြိမ်းစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးတို့က **“လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”** ခေါင်းစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကောင်းမွန်သောပညာရေးနှင့် ကျန်းမာရေးစနစ်တို့ဖြင့် အခြေခံတည်ဆောက်ပြီး မျက်မှောက် ခေတ်အခြေအနေတွင် နည်းပညာဆိုင်ရာ တိုးတက်ကောင်းမွန် ပြောင်းလဲလာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာများနှင့် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေး စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ် ခေါင်းဆောင်များဖြစ်သော လူငယ်များအတွက်နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးများနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများကို မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၁ ရာစုတွင် လူငယ်များအတွက် ကျွမ်းကျင်မှုများဖြစ်သော Digital Literacy, Communication Skills, Critical Thinking ,Global and Cultural Awareness, Financial Literacy စသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များ ဖြစ်လာမည့် လူငယ်များအနေဖြင့် မဖြစ်မနေ တတ်ကျွမ်းသင့်သည့် (hardskill & Softskill) အသိပညာ၊ အတတ်ပညာများ၊ မြန်မာနိုင်ငံ၏ လူမှု – ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဖော်ဆောင်နိုင်ရန် နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ်ဖြစ်ပေါ်ခြင်းကို ကာကွယ်တားဆီးနိုင်ရန်နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးကို မြှင့်တင့်ရန်အတွက် အထောက်အပံ့များ၊ ၂၁ ရာစုကာလတွင် အတတ်ပညာများနှင့် ပတ်သက်၍ ဘဝအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။




“စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

ယင်းနောက် Economic Growth and Employment ဗီဒီယိုကိုပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမော်မော်ထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်စင်ရွှေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ နေပြည်တော်မှ တတိယနှစ်ကျောင်းသူ မနှင်းဆီရွှေစင်နှင့် I CAKE U Bakery (နေပြည်တော်)မှ ဒေါ်ချိုနေခြည်နွေးတို့က **“စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ”** ခေါင်းစဉ်ဖြင့် စီးပွားရေးတိုးတက်အောင် တည်ဆောက်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်း (State Building)အတွက် အရေးပါသော အချက်အလက်တစ်ခုဖြစ်သောကြောင့် အဆိုပါနယ်ပယ်တွင် လူငယ်များ ပါဝင်နိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်း အသုံးပြု၍ ဆောင်ရွက်နိုင်သည့် စီးပွားရေးဆိုင်ကိစ္စရပ်များ၊ လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့် ပို၍ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အနာဂတ်တွင် အောင်မြင်တိုးတက်ရေးအတွက် အဓိကလက်တွေ့ကျသောနယ်ပယ်များတွင် မိမိဘဝခရီးကို စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ် လေ့ကျင့်ပျိုးထောင် ဖြတ်သန်းနိုင်မည့် အကြောင်းအရာများ၊ လက်ရှိတိုးတက်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အလုပ်အကိုင်ရှာဖွေရေးနည်းလမ်းများ၊ အွန်လိုင်းပေါ်မှ ဝင်ငွေရှာဖွေမှုနှင့် မိမိ၏ငွေကြေးများလည်း ဆုံးရှုံးနိုင်ခြေရှိမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ TVET မှတစ်ဆင့် အသက်မွေးဝမ်းကျောင်းအပေါ် ကြီးမားသည့် အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် စီးပွားရေးကဏ္ဍများ၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက လူငယ်ဖိုရမ်၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြ ဒေါ်မိုးသီတာ ဦးဆောင်၍ တက်ရောက်လာကြသည့် လူငယ် ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွ ကပြကြသည်။

**ဆွေးနွေးပွဲရလဒ်ဖတ်ကြား**

ထို့နောက် လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စု ကိုးခုခွဲ၍ The Power of Technology to Transform Your Life, The Truth about AI, Steps Youth Need to Take to Access the Digital World, Youth: The Future Leaders of the Nation, Master Your Mind, Master Your Body, The Skill Youth Need to Succeed in the 21st Century, Today Trending: Monetizing Your Digital Brand, Get a Better Job with TVET နှင့် Master Your Life through Enterpreneurship စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အုပ်စုအဖွဲ့များမှ ခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြရာ ရလဒ်များအပေါ် တာဝန်ရှိသူများက အနှစ်ချုပ်ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များ အုပ်စုခွဲ၍ ဆွေးနွေးကြစဉ်။



ထူးချွန်ကျောင်းသား ကျောင်းသူများ Singapore Institute of Management (SIM)၌ လေ့လာစဉ်။



ထူးချွန်ကျောင်းသား ကျောင်းသူများ Garden by the Bay ၌ လေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်းပြည်ပ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀ ကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့သည်။





အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ လည်ပတ်လေ့လာခဲ့ကြပြီး ဩဂုတ် ၁၁ ရက်တွင် စင်ကာပူနိုင်ငံသို့ရောက်ရှိ၍ မြန်မာသံရုံးနှင့် Merlion Park တို့သို့ လည်ပတ်လေ့လာကြသည်။ ဩဂုတ် ၁၂ ရက်တွင် Botanic Garden သို့ သွားရောက်ကြကာ အဆိုပါ Botanic Garden အတွင်း၌ ပျော်ရွှင်စွာ လှည့်လည်ကြည့်ရှုလေ့လာပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြသည်။

ထို့ပြင် Clementine Road ရှိ Singapore Institute of Management (SIM)သို့ ရောက်ရှိကြရာ Singapore Institute of Management မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြကာ ထူးချွန်ကျောင်းသား ကျောင်းသူများကို အဆိုပါကျောင်းရှိ SIM Heritage Gallery ၌ Ms Celia Her က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ တက္ကသိုလ် တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများကို Theatre ၌ တွေ့ဆုံကာ တက္ကသိုလ် ၏ Vice Provost Dr Timothy Chan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ကျေးဇူးတင်စကားပြောကြားကာ Ms Celia Her က SIM University တက္ကသိုလ်အကြောင်း မိတ်ဆက်ပြောကြား၍ Dr Liam Kim Yang က တက္ကသိုလ်တွင် သင်ယူနိုင်သော သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားတစ်ဦးက ၎င်း၏ ပညာသင်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဆိုပါကျောင်းတွင် ပညာသင်ယူနေသော Student Ambassadors မြန်မာကျောင်းသား ကျောင်းသူတို့က ဦးဆောင်၍ တက္ကသိုလ် စာကြည့်တိုက်၊ အားကစားရုံ၊ Student's Wellness Centre ၊ Canteen စသည်တို့ကို အဖွဲ့ သုံးဖွဲ့ခွဲ၍ Campus Tour အဖြစ် လှည့်လည်ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေး ထူးချွန်ကျောင်းသား ကျောင်းသူများသည် Garden by the Bay သို့ရောက်ရှိပြီး Flower Dome နှင့် S.E.A Aquarium တို့ကို လေ့လာကြသည်။

ထို့နောက် Sentosa ကျွန်းသို့ သွားရောက်ပြီး အဆိုပါ Sentosa ကမ်းခြေရှိ Tourist Attractions နေရာများကို လည်ပတ်ကြကာ ရေသားဖန်သားပြင်ဖြင့် ပြသသော 'Wings of the Time' ကို အပန်းဖြေကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိပြီး Jewel Shopping Centre ၌ လှည့်လည်ကြည့်ရှုလေ့လာဈေးဝယ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံမှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြကာ **(အောက်ပုံ)** ထူးချွန်ကျောင်းသား ကျောင်းသူများသည် အုပ်ချုပ်သူများ၊ သက်ဆိုင်ရာမိဘများနှင့်အတူ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၂ ရက် တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အဆိုပါကျောင်းသား ကျောင်းသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



Sentosa ကမ်းခြေရှိ ရေသားဖန်သားပြင်ဖြင့် ပြသသော 'Wings of the Time' ကို ကြည့်ရှုလေ့လာစဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကုန်းတန်းကြီးကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ပင်ကန် အမှတ် (၁)၊ (၂)၊ (၃) ပြုပြင်တူးဖော်နေမှု၊ အရှေ့ဖွားစောကျေးရွာအဝင်မှ ဇယဝေရီကန်သို့ သွားသောလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အနောက်ဖွားစောကျေးရွာ အဝင်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆောလျင်စွာ ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေးနှင့် လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဇယဝေရီကန်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့နယ် သူငွေးကန်ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာတောင်သူများနှင့် တွေ့ဆုံ၍ သင်တန်းပြီးဆုံးပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်သို့ ရောက်ရှိပြီး ညောင်ဦးခရိုင်အတွင်းရှိ ဆီထွက်သီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံစိုက်ပျိုးသူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသော သီးနှံများအား ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမချေးငွေများ၊ မြစ်မိမ်းရောင်စီမံကိန်းမှ ချေးငွေများဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေများ၊ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေပေးသွင်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အနော်ရထာဆီစက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြင်းကပါ ခေတ်မီစံပြကျေးရွာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မြင်းကပါ ကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village) ရန်ပုံငွေကျပ်သိန်း ၆၀၀၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း (RBF) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာတွင်းလမ်း ဂျင်းကျောက်ခင်းခြင်းပြီးစီးမှုနှင့် အုတ်စီရေမြောင်း ပြုလုပ်နေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့သစ်မှ နတ်ကြို့အိုင် ကျေးရွာအဝင်လမ်းပေါ်ရှိ ရေကျော်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံး လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ကပို့တဲ့ခရီးစဉ် ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့မှာ လည်ပတ်ခွင့်ရတဲ့အတွက် မတူညီတဲ့ အတွေ့အကြုံတွေ၊ နိုင်ငံနှစ်နိုင်ငံအကြားက ကွာခြားမှုတွေ ဗဟုသုတများစွာကို တွေ့ကြုံခံစားခွင့်ရရှိခဲ့ပါတယ်

**မမြတ်သီရိကျော်**



ဒေါက်တာကျော်ဆန်းဝင်း


မမြတ်သီရိကျော်


မောင်အောင်ကိုမင်း



မသက်မြတ်စံ



မဝင်းလဲ့တွယ်တာ

**၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေး ခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြရာ ကျောင်းသား ကျောင်းသူများ၏ ဝမ်းသားပျော်ရွှင်ဖွယ်ရာ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။**

**ဒေါက်တာကျော်ဆန်းဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**

အခုခရီးစဉ်မှာ ကျွန်တော်တို့ ဆရာဝန်ကြီးတစ်ဦး အပါအဝင် အုပ်ချုပ်သူစုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကတော့ ဘာသာရပ်အလိုက် ထူးချွန် Top Ten ဝင် ၃၀ ဖြစ်ပါတယ်။ ဒီလိုခရီးစဉ်မျိုးတွေ ပို့ပေးတာ အများကြီးဂုဏ်ယူပါတယ်၊ ဝမ်းလည်းသာပါတယ်။ ကလေးတွေအတွက် ပိုဂုဏ်ယူတာပေါ့။ တချို့ဆိုရင် ဘဝမှာ တစ်ခါမှ မစဉ်းစားဘူးတဲ့ နေရာတွေ ရောက်ရတယ်။ တည်းရခိုရတယ်၊ စားရသောက်ရတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့လုပ်ချင်ကိုင်ချင်စိတ်တွေရှိလာတာပေါ့။ ကျွန်တော်ကလည်း ဒီလိုခရီးစဉ်တွေကို အမြဲတမ်း နှစ်စဉ်ဖြစ်စေချင်ပါတယ်။ တခြားနိုင်ငံကလူတွေ ဘာတွေလုပ်နေတယ်၊ ဘာတွေလုပ်ထားလဲဆိုတာ မြင်တဲ့အတွက်ကြောင့် ငါတို့ဘာကြိုးစားရမလဲ၊ ငါတို့ဘက်က ဘာတွေလိုသေးလဲ၊ ငါတို့ဘက်က ဘာတွေအားသာလဲ နှိုင်းယှဉ်ကြည့်လို ရတယ်။ တက္ကသိုလ်တွေလည်းသွားလည်တဲ့ အတွက်ကြောင့် တခြားတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေ သူတို့လိုမျိုး မြန်မာကျောင်းသားကျောင်းသူတွေကိုလည်း တွေ့ခဲ့တဲ့အတွက် သူတို့ အားကျမှုရှိတယ်။ အခုလိုနိုင်ငံတော်အစိုးရအနေနဲ့ ထူးချွန်ကျောင်းသားတွေကို ပြည်ပခရီးစဉ်လေ့လာရေးခရီးတွေ အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် ၂၀၂၄-၂၀၂၅ Grade 12 ဖြေဆိုမယ့် ကျောင်းသူ ကျောင်းသားတွေအနေနဲ့ အခုလိုပဲထူးချွန်တဲ့ ကလေးတွေဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မမြတ်သီရိကျော်**
**အထက(၂)လသာ**

၂၀၂၃ – ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ မြန်မာတစ်နိုင်ငံလုံး အဆင့် (၆)၊ ရန်ကုန်တိုင်းဒေသကြီးမှာ Top 5 ၊ ကျွန်မရဲ့ အမှတ်ပေါင်းကတော့ ၅၄၉ မှတ် ဖြစ်ပါတယ်။ နိုင်ငံတော်ကပို့တဲ့ ခရီးစဉ် ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့မှာ လည်ပတ်ခွင့်ရတဲ့အတွက် မတူညီတဲ့အတွေ့အကြုံတွေ၊ နိုင်ငံနှစ်နိုင်ငံအကြားက ကွာခြားမှုတွေ ဗဟုသုတများစွာကို တွေ့ကြုံခံစားခွင့်ရရှိခဲ့ပါတယ်။ ပြည်ပကို ခရီးထွက်တဲ့အခါမှာ လေဆိပ်မှာ ဘယ်လိုမျိုး ရှောင်ရန်ဆောင်ရန်တွေ၊ ဘယ်လိုပြင်ဆင်သင့်တယ်ဆိုတာတွေကို သင်ကြားပေးခဲ့ပါတယ်။ အခုလို မျိုးသွားခွင့်ရတဲ့အတွက်ကြောင့် အတိုင်းမသိလည်း ဂုဏ်ယူမိသလို အခုလိုမျိုးသွားခွင့်ရဖို့အတွက် အခွင့်ရေးကိုပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ၂၀၂၄ – ၂၀၂၅ ခုနှစ် Grade 12 ဖြေဆိုကြမယ့် ညီငယ် ညီမငယ်တွေလည်း အမှတ်ဆိုတာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ရနိုင်ပါတယ်။ အခုကိုယ်ကြိုးစားသလောက် Top 10 တွေဝင်ခဲ့ကြတယ်။ အဲဒီအတွက်ကြောင့်လည်း နိုင်ငံတော်အစိုးရက ထိုက်တန်တဲ့ ဆုကြေးငွေတွေရော၊ ထိုက်တန်တဲ့ ဆုတွေရော ပေးအပ်ခဲ့တယ်။ အခု Top 10 ဝင်တဲ့ ဝိဇ္ဇာ၊ သိပ္ပံ၊ ဝိပ္ပံ အတွဲသုံးတွဲက ထူးချွန်ကျောင်းသား အယောက် ၃၀ ကိုလည်း ပြည်တွင်း ပြည်ပခရီးစဉ်တွေ လည်ပတ်ခွင့်ပေးခဲ့တယ်။ အခုလို အခွင့်အရေးမျိုးကို ရယူချင်တယ်ဆိုရင် ဆက်လက်ကြိုးစားကြပါ၊ လက်မလျှော့ပါနဲ့လို့ ပြောချင်ပါတယ်။

**မောင်အောင်ကိုမင်း**
**ကချင်ပြည်နယ်၊ ဗန်းမော်မြို့ အထက(၅)**

ကျွန်တော်က မောင်အောင်ကိုမင်းဖြစ်ပါတယ်။ ကချင် ပြည်နယ် ဗန်းမော်မြို့ အထက (၅) က ဝိပ္ပံတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် (၆) ၊ အမှတ်ပေါင်းကတော့ ၅၁၅ ဖြစ်ပါတယ်။ အခုလိုခရီးစဉ်က ကျွန်တော့်ရဲ့ဘဝအတွက် တန်ဖိုးဖြတ်မရတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေ

*စာမျက်နှာ ၁၀ သို့*

# မြင်ကွင်းနှစ်ခု

**အောင်ဇေယျ**

28th ASCC ကောင်စီအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံမြို့တော်တွင်ကျင်းပခဲ့ရာ နိုင်ငံကိုယ်စားတက်ရောက်ခွင့်ရခဲ့သည်။ အိမ်ရှင်အစိုးရသည် ဧည့်ဝတ်ကျေပွန်လှပေ၏။

အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို ကြယ်ငါးပွင့်ဟိုတယ်ကြီးတွင် ထားပေးသည်။ ကိုယ်စားလှယ်တိုင်းကို လုံခြုံရေးဝန်ထမ်းတစ်ယောက်၊ ဆက်ဆံရေးဝန်ထမ်း (Lo /Liaison Officer) တစ်ယောက်၊ ဆလွန်းကားနက်တစ်စီးနှင့် ယာဉ်မောင်းပေးထားသည်။

လုံခြုံရေးဝန်ထမ်းမှာ ရဲတပ်ဖွဲ့ဝင်ဖြစ်သည်။ ယူနီဖောင်းမဝတ်ချေ။ အနောက်တိုင်းဝတ်စုံကို စမတ်ကျကျဝတ်ဆင်သည်။ လည်ဆွဲပြားနှင့် ဖြစ်သည်။ လက်ကိုင်ဆက်သွယ်ရေးစက်ပါသည်။ သူတာဝန်ယူရသော ကိုယ်စားလှယ်တော်ကြီးကို နံနက်ဟိုတယ်အခန်း ထွက်သည်မှ ညပြန်ရောက်ချိန်အထိ တစ်လျှောက်လုံး လိုက်ပါစောင့်ရှောက်သည်။ ဆလွန်းပေါ်တွင် ယာဉ်မောင်းဘေးခုံတွင် ထိုင်၍လိုက်ပါသည်။

Lo ကလေးတွေကတော့ ဘွဲ့ရပြီးသူ၊ ကျောင်းတက်နေသူမိန်းကလေးတွေဖြစ်သည်။ နယ်စုံမှ ရွေးခေါ်ထားပုံရသည်။ စာရေးသူ၏ Lo မှာ ကမ္ဘာကျော် အန်ကောဝပ်ဘုရားကျောင်းတည်ရှိရာ ဆီရီယပ်ရိတ်ပြည်နယ်မှဖြစ်သည်။ ဘွဲ့ရပြီးပြီဟု သိရသည်။ တာဝန်ပြီးလျှင် မိဘများရှိရာ ပြည်နယ်သို့ ပြန်မည်ဟုဆိုသည်။ Lo တွေက ငယ်ရွယ်သူကလေးတွေဆိုတော့ သွက်လက်ချက်ချာကြသည်။ သူတို့သည် ကိုယ်စားလှယ်၏ ကိုယ်ပွားသဖွယ် အနီးတွင်ရှိနေကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။ အင်္ဂလိပ်စကားကို ကောင်းစွာပြောနိုင်ကြသည်။ အစည်းအဝေးကိစ္စ၊ အစားအသောက်ကိစ္စ၊ သွားရေးလာရေးကိစ္စ သိလိုသမျှကို သက်ဆိုင်ရာနှင့်ဆက်သွယ်၍ အဖြေပေးနိုင်ကြသည်။ စိတ်စနိုးစနောင့်ဖြစ်စရာ တစ်ခုမျှမရှိခဲ့ချေ။

အမျိုးသားပြတိုက်သို့သွားရောက်လေ့လာသောနေ့တွင် Lo ၏ စေတနာနှင့် သိတတ်ပုံကို တွေ့ခဲ့ရသည်။ ပြတိုက်ထဲတွင် အအေးခတ်လုံလုံလောက်လောက်မရချေ။ မျက်နှာကြက်မှ တွဲလောင်းချထားသည့် ပန်ကာများသာ ဖြည်းဖြည်းချင်းလည်ပတ်နေသည်။ အဖွဲ့ဝင်တွေရော၊ ပြတိုက်လာသူတွေရော လူများသဖြင့် အိုက်စပ်စပ်ရှိသည်။ ဒါကို ကြိုသိထားသော Lo က သူ့သဘောနှင့် သူယူလာသော လက်ကိုင်ပလတ်စတစ်ခေတ်ခဲသုံး ကော်ပန်ကာငယ်ကလေးကိုဖွင့်ပေးသည်။ နောက်ကျောဘက်မှာ လေအေးအေးသက်ရောက်စေသည်။ နေရထိုင်ရသက်သာသွားပါသည်။

ကမ္ဘောဒီးယားနိုင်ငံက လူငယ်ကလေးများကို ကောင်းမွန်သောလမ်းကြောင်းပေါ်သို့ တင်ပေးပုံကို ကိုယ်တွေ့ကြုံရသောအခါ စာရေးသူတို့နိုင်ငံကလည်း ထိုကဲ့သို့ လုပ်ဆောင်ခဲ့ဖူးသည်ကို အမှတ်ရမိ၏။

သမ္မတကြီး ဦးသိန်းစိန်လက်ထက်ကပါ။ အလွန်ခမ်းနားကြီးကျယ်သော 27th SEA GAME ကို ကျင်းပခဲ့စဉ်က မြန်မာလူငယ်ကလေးများကို သူ့နေရာနှင့်သူ သုံးခဲ့ဖူးပါသည်။ ကျောင်းသူကျောင်းသားငယ်ရွယ်သူ လူငယ်ကလေးတွေဖြင့် အက၊ အလှပုံဖော်လှုပ်ရှားမှုပြကွက်တွေကို ရင်သပ်ရှုမောဖွယ် တင်ဆက်ပြသခဲ့ဖူးသည်။ ကျား/မ Lo ကလေးတွေလည်း အများကြီးပါဝင်သည်။ ဘွဲ့ရပြီးသူ၊ ကျောင်းတက်နေသူစုံလင်သည်။ သူတို့ကို နိုင်ငံအလိုက် တာဝန်ခွဲဝေပေးထားသည်။ စာရေးသူသိသော Lo မိန်းကလေးတစ်ယောက်က မလေးရှားနိုင်ငံအသင်းကို ဆက်ဆံရေးတာဝန်ယူရသည်။ သူတို့ကို အားကစားကွင်းထဲက အဆောင်မှာထားသည်။ သူငယ်ချင်းတွေ ဖြစ်လာကြသည်။ ဤစေတနာ့ဝန်ထမ်းတာဝန်ကို ကျေနပ်ကြသည်။ ဂုဏ်ယူကြသည်။ SEA GAME ပြီးတော့ PARA GAME မှာလည်း နိုင်ငံတော်က သူတို့ကိုဆက်သုံးသည်။ ပြိုင်ပွဲတွေပြီးသည့်တိုင်အောင် Lo တွေ တွေ့ဆုံပွဲလုပ်၍ ရင်းရင်းနှီးနှီးရှိလာကြသည်ဟု သူကပြောသည်။ အကြောင်းတစ်ခုကိုပြု၍ စည်းလုံးသော လူငယ်အင်အားစုတစ်ခု ဖြစ်လာသည်ဟု မြင်ပါသည်။ လူငယ်တို့၏ စွမ်းအားကို ကောင်းသောနေရာတွင် အသုံးချခဲ့ပုံ မြင်ကွင်းဖြစ်၏။

ASCC ကောင်စီအစည်းအဝေး၏ နှုတ်ဆက်ညစာစားပွဲတွင် ဆုပေးပွဲသုံးခုပါဝင်သည်။ ASCC အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးသည် ပညာရေး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို တာဝန်ယူရသူဖြစ်ရာ အာဆီယံလူငယ်များအတွက် ဖိတ်ခေါ်ပြိုင်ပွဲများပြုလုပ်ခဲ့သည်။ ဓာတ်ပုံပြိုင်ပွဲ၊ ဗီဒီယိုပြိုင်ပွဲနှင့် စကားရည်လုပွဲတို့ဖြစ်သည်။ နိုင်ငံအသီးသီးမှ ဆုရလူငယ်များကို ASCC တာဝန်ရှိသူတို့က ဆုချီးမြှင့်သည်။ အစီအစဉ်နောက်ဆုံးတွင် နိုင်ငံစုံမှ ဆုရလူငယ်ကလေးတို့က စုပေါင်းသီဆိုကပြကြသည်။ ဇာတ်ခုံပေါ်မှဆင်း၍ ကိုယ်စားလှယ်တော်များ ထိုင်နေရာရှေ့အထိ ရောက်လာကြသည်။ တပျော်တပါးကြီးဖြစ်သည်။ လက်ခုပ်သံတွေကြားမှ ဆုရနိုင်ငံများ၏ ကိုယ်စားလှယ်တို့မှာ ပျော်မဆုံး မော်မဆုံးရှိကြသည်။ လူငယ်ကလေးတွေက စလိုက်သောအပျော်က ကျန်ကိုယ်စားလှယ်များကိုပင် ကူးစက်သွားလေသည်။

ဤတွင် စာရေးသူ၏ စက္ခုအာရုံထဲတွင် ဒုတိယမြင်ကွင်းတစ်ခုဝင်လာသည်။ တက်လမ်းတလူလူ၊ အညွန့်တဖူးဖူးရှိပါလျက် CRPH, NUG နှင့် NLD အစွန်းရောက်များ၏စနက်ကြောင့် တောထဲရောက်သွားကြသော မြန်မာ(ဗမာ) လူငယ်ကလေးတွေ၊ အာဏာမက်သူအတ္တသမားများနှင့် နိုင်ငံရေးလုပ်စားသူတို့၏ အသုံးချခံရမှုကြောင့် ဘဝပျက်သွားကြရသော နိုင်ငံ၏အရန် အင်အားကလေးတွေ...။ ။




- **Lo တွေက ငယ်ရွယ်သူကလေးတွေဆိုတော့ သွက်လက်ချက်ချာကြသည်။ သူတို့သည် ကိုယ်စားလှယ်၏ ကိုယ်ပွားသဖွယ်အနီးတွင်ရှိနေကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။ အင်္ဂလိပ်စကားကို ကောင်းစွာပြောနိုင်ကြသည်။ အစည်းအဝေးကိစ္စ၊ အစား အသောက်ကိစ္စ၊ သွားရေးလာရေးကိစ္စ သိလိုသမျှကို သက်ဆိုင်ရာနှင့်ဆက်သွယ်၍ အဖြေပေးနိုင်ကြသည်။ စိတ်စနိုးစနောင့်ဖြစ်စရာ တစ်ခုမျှမရှိခဲ့ချေ**
- **အလွန်ခမ်းနားကြီးကျယ်သော 27th SEA GAME ကို ကျင်းပခဲ့စဉ်က မြန်မာလူငယ်ကလေးများကို သူ့နေရာနှင့်သူ သုံးခဲ့ဖူးပါသည်။ ကျောင်းသူကျောင်းသားငယ်ရွယ်သူလူငယ်ကလေးတွေဖြင့် အက၊ အလှပုံဖော်လှုပ်ရှားမှုပြကွက်တွေကို ရင်သပ်ရှုမောဖွယ် တင်ဆက်ပြသခဲ့ဖူးသည်။ ကျား/မ Lo ကလေးတွေလည်း အများကြီးပါဝင်သည်။**

---

*စာမျက်နှာ ၉ မှ*

ဘယ်လိုမျိုး တိုးတက်နေပြီ ကျွန်တော်တို့နိုင်ငံနဲ့ ဘယ်လို ကွာခြားနေတယ်ဆိုတာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလည်း ပိုပြီး တိုးတက်စေချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ စင်ကာပူနိုင်ငံတက္ကသိုလ်တို့မှာ လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့ နောက်ထပ် လျှောက်လှမ်းရမယ့် ပညာရေးအတွက်ကိုလည်း အများကြီး အထောက်အကူ ပြုပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် Grade 12 ဖြေဆိုကြမယ့် ညီငယ်ညီမငယ်တွေလည်း Grade 12 ဆိုတာ သိပ်ခက်ခဲတဲ့ အရာမဟုတ်ပါဘူး၊ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရနိုင်တာမို့ သေသေချာချာ ကြိုးစားပြင်ဆင်ပြီး အခုလို အောင်မြင်မှုတွေ ရနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ အခုလို ပို့ဆောင်ပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူး ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**မသက်မြတ်စံ**
**မန္တလေးတိုင်းဒေသကြီး**

ကျွန်မ နာမည်က မသက်မြတ်စံပါ။ မြန်မာတစ်နိုင်ငံလုံး အဆင့် (၅) ရရှိခဲ့လို့ ဒီခရီးစဉ်မှာ ပါဝင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ဗဟုသုတ အများကြီး ရပါတယ်။ သူများနိုင်ငံတွေမှာ ဘယ်လို တိုးတက်နေပြီလဲ၊ ဘာတွေအတုယူရမလဲ အများကြီးသင်ယူရရှိပါတယ်။ အခု ကျွန်မတို့ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၃၀ ကို ဗဟုသုတ အများကြီး ရအောင် အခုလို နိုင်ငံခြားခရီးစဉ် ပို့ဆောင်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**မဝင်းလဲ့တွယ်တာ**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကန့်ဘလူခရိုင်**
**အထက(ကျွန်းလှ)**

ကျွန်မက မဝင်းလဲ့တွယ်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အထက (ကျွန်းလှ) ကနေ ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် (၁) ရရှိသူ ဖြစ်ပါတယ်။ အခုပြည်ပအတွေ့အကြုံကတော့ ပထမဦးဆုံးဖြစ်ပါတယ်။ ပြည်ပကိုသွားခဲ့ရတဲ့အတွက်လည်း အတွေ့အကြုံအများကြီး ရရှိပါတယ်။ ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အဆင့် (၁) ရရှိဖို့ဆိုရင်တော့ တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် အာရုံစူးစိုက်ပြီးတော့ ဖွဲလည်းလုံးဝမလျှော့ပါနဲ့၊ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ကိုရအောင် ကြိုးစားသွားမယ်ဆိုရင် ရရှိနိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး သမီးတို့ကို ပြည်ပနိုင်ငံတွေကို လေ့လာရေးခရီးစဉ် သွားရောက်ဖို့အတွက် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲအားလုံးကို ဒီကနေကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**အင်တာဗျူး - ကျော်ကြီး**
**ဓာတ်ပုံ - မောင်သီ**

---

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရ မျိုးထိန်း မျိုးပွားခြံတို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၃

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဘဲဥသားဖောက်စက်၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရ မျိုးထိန်း မျိုးပွားခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘဲမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေးနှင့် ဒေသန္တရများ တိုးပွားထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။**

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တပ်ကုန်း-ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဇီဝလုံခြုံမှု အဆင့်-၃၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း တည်ဆောက်ရေး စီမံကိန်း အချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ဘဲဥသားဖောက်စက်၏ လုပ်ငန်းစဉ်များနှင့် ဘဲသားပေါက်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဥစားဘဲ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ဥဖောက်စင်များ စနစ်တကျ အဆင့်မြှင့်တင် ရွှေ့ပြောင်းကာ ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနေမှုများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဆောင်ရွက်ခဲ့သော်လည်း မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသေးကြောင်း၊ သတင်းစာများ၊ ဝက်ဘ်ဆိုက်များတွင်လည်း မကြာခဏ အသိပေးကြော်ငြာပေးနေသည့်တိုင် လုပ်ငန်းရှင်များ၊ အစုအဖွဲ့အစည်းများအနေဖြင့် စိတ်ဝင်စားမှု နည်းနေကြောင်း၊ သို့ဖြစ်၍ မြို့နယ်အလိုက် ဦးစီးဌာနဝန်ထမ်းများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများကိုလည်း တစ်နိုင်တစ်ပိုင် မွေးမြူရေးကို စည်းရုံးသွားကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဲဥသားဖောက်စက် အလုပ်ရုံ၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တရ မျိုးထိန်းမျိုးပွားခြံ၊ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ ဆောင်ရွက်ပြီးစီးသည့် လျှို့ပိတ်ဆည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနမွေးမြူရေးခြံများအနေဖြင့် ရေနှင့်အစာ တိုက်ကျွေးမှုစနစ်မှန်ကန်စေရေး၊ အစာခွက်များ ပုံမှန်သန့်ရှင်းရေးအပါအဝင် ဇီဝလုံခြုံမှုဆိုင်ရာ စံနမူနာကောင်းပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရန်ကုန်ရွာသာကြီးခြံရှိ ဘဲဥသားဖောက်စက် နှစ်လုံး၊ ပဲခူး ဘုရားကြီးခြံရှိဘဲဥသားဖောက်စက် လေးလုံး၊ နေပြည်တော် ရွှေမြို့ခြံရှိ ဘဲဥသားဖောက်စက် ငါးလုံးတို့မှ သားပေါက်များထုတ်လုပ်၍ ဘဲမွေးလုပ်ငန်းရှင်များ၊ ဘဲမွေးတောင်သူများကို ဖြန့်ဖြူးပေးလျက်ရှိရာ ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်ရှိ ဘဲဥသားဖောက်စက်မှ နှစ်စဉ် ဘဲသားပေါက်ကောင်ရေ ၃၆၂၀၀၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဘဲမွေးမြူလိုသူများအနေဖြင့် အမှာစာများ ပေးပို့ မှာကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ အလုံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် သုတ/ရသ စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူများအား ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး တိုင်းရင်းသားလူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ သီရိရတနာခန်းမ၌ ကျောင်းသား ကျောင်းသူများ၏ ရွှေတိဂုံစေတီပုံတူအား လျှပ်စစ်မီး ပူဇော်ထားရှိသည့် ပြခန်းနှင့် ဓာတုဗေဒပြခန်းတို့အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက "အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှု အမွေ" သီချင်းဖြင့်လည်းကောင်း၊ "မြန်မာ့ကျောင်း" သီချင်းဖြင့်လည်းကောင်းသီဆိုတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် တာဝန်ရှိသူများအား စာအုပ်များကိုလည်းကောင်း၊ စာဖတ်ခြင်း၏အကျိုး ကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ) အား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက အလှူရှင်များ၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းမှုကို လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သုတ/ရသစာအုပ်များ၊ ဓာတ်ပုံပြခန်းများနှင့်ကျောင်းသား ကျောင်းသူများ၏ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဂိမ်းကစားနည်း ပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခမ်းဘွာအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည် ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခမ်းဘွာသည် ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်တွင် ဘဂ္ဂဒက်မြို့မှ ဘာရိန်း - ဘန်ကောက် - ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



## စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းများသို့ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးစရိတ်များ ပေးအပ်

အင်္ဂပူ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးစရိတ်ပံ့ပိုးငွေများ ပေးအပ်လျက်ရှိရာ အင်္ဂပူမြို့နယ် ထူးဝကျေးရွာ ထူးဝစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား တောင်သူ ၁၅ ဦးအား တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် မိုးစပါးစိုက်ဧက ၅၀ အတွက် ပံ့ပိုးငွေကျပ်သိန်း ၁၀၀ နှင့် အုတ်တွင်းကျေးရွာ အောင်မြင်ဖြိုး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ၆၀ ဦးအား တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် မိုးစပါးစိုက်ဧက ၂၀၀ အတွက် ပံ့ပိုးငွေကျပ်သိန်း ၄၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် အသက်ပြည့်သူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ တောင်းယူနေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သပေြ ကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းဆောင်ရန် အသက်ပြည့်မီသူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ အုပ်ချုပ်ရေးမှူးက တောင်းယူနေကြောင်းကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေ နေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်အတွက် ဆင့်ခေါ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့် အကြောင်းနှင့်မျှ ငွေကြေးတစ်စုံတစ်ရာကောက်ခံရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ထားရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ **သတင်းစဉ်**

## အိမ်မဲမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကျင်းပ



**အိမ်မဲ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ဒေါက်တာသန်းဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးကျော်အောင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိခင်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဒေါ်အိရွှေစင်က အာဟာရပြည့်ဝသော အစားအစာများ စားသောက်ခြင်းအကြောင်း အသိပညာပေးပြောကြားကာ တာဝန်ရှိသူများက အသက် ခြောက်လမှ တစ်နှစ်ထိကလေးငယ်များအား ဗီတာမင် အေ တစ်သိန်းအား၊ အသက် တစ်နှစ်မှ ငါးနှစ်ထိကလေးငယ်များအား ဗီတာမင်အေ နှစ်သိန်းအား၊ အသက် နှစ်နှစ်မှ ငါးနှစ်ထိကလေးငယ်များအား သန်ချဆေးတို့ကို တိုက်ကျွေးခြင်းနှင့် စံပြမိခင်ဆုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား အာဟာရထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများအနေဖြင့် ပထမသီတင်းပတ်တွင် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယသီတင်းပတ်တွင် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ် ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယသီတင်းပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထသီတင်းပတ်တွင် အိုင်အိုဒင်းချို့တဲ့မှု ရောဂါပပျောက်ရေးနှင့် အစာတွင် အဏုအာဟာရဖြည့်စွက်ရေးရက်သတ္တပတ်များဖြင့် အိမ်မဲမြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ချစ်သက်လယ်(အိမ်မဲ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၃) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက မရဲ့အုန်းပင်စုကျေးရွာ တောင်သူ ဦးတင်အောင်သန်း၏ လယ်မြေ၌ ကျင်းပသည်။



သရုပ်ပြပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် စိုက်တိုးမြှင့်အဖွဲ့များအား မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ဟိန်းဇော်က ကောက်စိုက်စက်ဖြင့် မိုးစပါးပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာ လိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိစေခြင်း၊ ကောက်စိုက်ရာတွင် လုပ်သားအင်အား အသုံးပြုမှုနည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ကောက်ပင်လှန်ရက်စောင့်ရန်မလိုခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်းနှင့် မျိုးစပါးအသုံးပြုမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်က မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းကြောင့် ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှု သက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိခြင်း၊ ရေကိုပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး စီမံကိန်း အခြေခံစက်ချုပ် နည်းပညာ




သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးအောင်သူက နိုင်ငံတော်မှ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အခြေခံစက်ချုပ် နည်းပညာများကို တစ်လကြာ သင်ကြားပေးခဲ့ကြောင်း၊ လက်တွေ့တွင် အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားရန် အမှာစကား ပြောကြားပြီး သင်တန်းသူ မကေရီမြင့်အား သင်တန်း ထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းသူ မသဇင်နွယ်အား သင်တန်း ထုတ်ကုန်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်**

✻ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရှိရန် ကြိုးပမ်းခဲ့ပြီး မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် လှယဉ်ဝင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် လှယဉ်ဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၂ ပွဲကစား ရမှတ် ၂၀ ရထားပြီး ရှမ်းယူနိုက်တက် အသင်းမှာမူ ၁၁ ပွဲကစား ၁၁ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် လင်းမြင့်မိုရ်၊ ၁၄ မိနစ်တွင် ရွှေရည်ထွန်းနှင့် မိနစ် ၃၀ တွင် နုနုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းမှ လင်းမြင့်မိုရ်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၁၂ မှတ် ရရှိသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

❑ *ကျောဖုံးမှ*

ရွှေနှင်းဆီလမ်းနေသူများဖြစ်ကြသည့် အောင်အောင်ဦး (ခ) မဲ့ကြီး (၂၃) နှစ် (ဘ)ဦးနိုင်လင်း၊ သန်းဇော်ထွေး (ခ) မိုးဒီ (၂၁)နှစ် (ဘ)ဦးနိုင်လင်း၊ အောင်ခန့်ဇော်(ခ) ဖားကြီး(၂၄)နှစ် (ဘ)ဦးအောင်မြင့်နှင့် ဟိန်းကိုကို(ခ) ဟိန်းကို(ခ)ကပ္ပလီ(၂၆)နှစ် (ဘ)ဦးမြင့်နိုင်တို့ လေးဦးအား ဩဂုတ် ၉ ရက်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ သတ်ဖြတ်လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အောင်အောင်ဦး(ခ) မဲ့ကြီးသည် သေဆုံးသူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမအား အကြွေးများ မပေးဆပ်လိုခြင်းနှင့် လောင်းကစားပြုလုပ်ရာမှ ငွေကြေးလိုအပ်မှုများရှိနေသောကြောင့် ဒေါ်သန်းသန်းဆင့် (ခ) မအကြီးမ၏ နေအိမ်အတွင်း ဝင်ရောက်သတ်ဖြတ်လုယက်ရန် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ တရားခံများနှင့် ဇူလိုင် ၃၀ ရက်တွင် ကြိုတင်တိုင်ပင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်နေ့တွင် အောင်အောင်ဦး(ခ) မဲ့ကြီးနှင့် အောင်ခန့်ဇော်(ခ) ဖားကြီးတို့နှစ်ဦးသည် ဒေါ်သန်းသန်းဆင့် (ခ) မအကြီးမ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်သန်းသန်းဆင့်အား အောင်ခန့်ဇော်(ခ) ဖားကြီးက ချုပ်နှောင်ပေးပြီး အောင်အောင်ဦး(ခ)မဲ့ကြီးက လည်ပင်းညှစ်၍ သတ်ဖြတ်ကာ နေအိမ်ဗီရိုနှစ်လုံးအတွင်းမှ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ် တစ်စောင်တို့အား လုယက်ယူဆောင်ခဲ့ကြကြောင်း။

လုယက်ပြီးနောက် နေအိမ်အနီးတွင် အခြေအနေစောင့်ကြည့်ပေးနေသူ ဟိန်းကိုကို (ခ) ဟိန်းကို (ခ) ကပ္ပလီအား ခေါ်ဆောင်ကာ အောင်သပြေလမ်း၊ ချောင်းကူးတံတားအနီးတွင် အသင့်စောင့်ဆိုင်းနေသည့် သန်းဇော်ထွေး (ခ) မိုးဒီ မောင်းနှင်သော BGO-11 5N/6631 BONGO အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ လူသတ်လုယက်မှုကျူးလွန်ခဲ့သူ အောင်အောင်ဦး (ခ) မဲ့ကြီးပါ တရားခံ လေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တင်းမာမှုများလျှော့ချရန် ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှိုးလ်ဇ်က အီရန်ကို တိုက်တွန်းပြောကြား

**ဘာလင် ဩဂုတ် ၁၃**

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှိုးလ်ဇ်၏ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် အီရန်သမ္မတ မာဆွတ် ပါဇက်ရှီယန်ကို ဖုန်းဖြင့်ဆက်သွယ်ကာ အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ လျှော့ချရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဒေသတွင်း ပဋိပက္ခအားလုံး၏ အန္တရာယ်ကို စိုးရိမ်ကြောင်း အိုလက်ဖ်ရှိုးလ်ဇ်က ပြောသည်။ ထို့ပြင် အကြမ်းဖက်ဝါဒီယက်ကို အဆုံးသတ်ဖို့ တောင်းဆိုခဲ့သလို တင်းမာမှုများအား တားဆီးရန် ၎င်း၏ အာဏာအသုံးပြုပြီး အရာအားလုံး လုပ်ဆောင်ရန် ပါဇက်ရှီယန်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ဆွေးနွေးမှုများမှတစ်ဆင့် ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားကြောင်း၊ သို့သော်လည်း တိုက်ခိုက်မှုကို ခံစားရသည့် မည်သည့်နိုင်ငံမဆို တုံ့ပြန်ပိုင်ခွင့်ရှိကြောင်း ပါဇက်ရှီယန်က အိုလက်ဖ်ရှိုးလ်ဇ်ကို ပြောကြားခဲ့သည်ဟု ပါဇက်ရှီယန်ရုံးက ပြောသည်။

လွန်ခဲ့သည့်လက အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ် ဟာနီယေး လုပ်ကြံခံရမှုဖြစ်ပွားပြီးနောက် အဆိုပါ တိုက်တွန်းပြောကြားမှု ထွက်ပေါ်လာခြင်း ဖြစ်သည်။ အီရန်အာဏာပိုင်များက ယင်းလုပ်ကြံမှု ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်ပြီး အစ္စရေးကို ပြစ်တင်ပြောကြားထားသည်။

အိုလက်ဖ်ရှိုးလ်ဇ်နှင့် ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့မှ ခေါင်းဆောင်တို့သည် အစ္စရေးနှင့်ဟားမားစ်တို့ကြား ဆွေးနွေးမှုများစတင်ရန် အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။ ၎င်းတို့သည် တင်းမာမှုများ မြင့်တက်စေမည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန် အီရန်နှင့် ၎င်း၏ မဟာမိတ်များကို တိုက်တွန်းပြီး တနင်္လာနေ့တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။




**အင်န်အိတ်ချ်ကေ**

# အီရန် ဆိုက်ဘာတိုက်ခိုက်မှုခံခဲ့ရသော ထရမ့်၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု စွပ်စွဲချက်များကို အက်ဖ်ဘီဘိုင် စုံစမ်းစစ်ဆေး

**ဝါရှင်တန် ဩဂုတ် ၁၃**

အီရန်ဆိုက်ဘာ တိုက်ခိုက်မှုခံနေရသော ဒေါ်နယ်ထရမ့်၏ သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု အမေရိကန် သတင်းစာတစ်စောင်တွင် ဖော်ပြလိုက်သည်။




အက်ဖ်ဘီဘိုင်သည် စုံစမ်းစစ်ဆေးမှုကို အတည်ပြုခဲ့ကြောင်း တနင်္လာနေ့တွင် သည်ဝါရှင်တန်ပို့စ် သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ထို့အတူစာမျက်နှာ ၂၇၁ မျက်နှာပါသော ထရမ့်၏ ရွေးကောက်ပွဲဝင်ဖက် ဂျေဒီဗန့်၏ စာရွက်စာတမ်းများလည်း ပေါက်ကြားခဲ့ကြောင်း လွန်ခဲ့သည့် သီတင်းပတ်ကုန်က သည်ဝါရှင်တန်ပို့စ်က ဖော်ပြခဲ့သည်။

အီရန်သည် လူမှုအငြင်းပွားမှုကို ဖြစ်စေရန်နှင့် အိမ်ဖြူတော်ကို ပြန်လည်ရရှိရန် ထရမ့်၏ ကြိုးပမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည်ဆိုသည့် ထောက်လှမ်းရေးအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာတွင် ဖော်ပြခဲ့သည်။

ဒီမိုကရက်တစ်ပါတီ မဲဆွယ်စည်းရုံးမှုကို ပစ်မှတ်ထားသည့် သံသယဖြစ်ဖွယ် အီရန်၏ ဆိုက်ဘာ ချိုးဖောက်တိုက်ခိုက်မှုကိုလည်း အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးလျက် ရှိသည်ဟု သည်ဝါရှင်တန်ပို့စ် သတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ထရမ့်က ၎င်း၏ ဝက်ဘ်ဆိုက်များထဲမှ ဝက်ဘ်ဆိုက်တစ်ခုကို အီရန်အစိုးရက ချိုးဖောက်တိုက်ခိုက်ခဲ့ကြောင်း မိုက်ခရိုဆော့ဖ်က ၎င်း၏မဲဆွယ်စည်းရုံးရေးအဖွဲ့ကို အသိပေးခဲ့သည်ဟု ဆိုသည်။ ဗန့်၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ စာရွက်စာတမ်းလည်း ဆိုက်ဘာ တိုက်ခိုက်မှုခံရကြောင်း ထရမ့်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်ကို အီရန်နျူကလီယားသဘောတူညီချက်မှ နုတ်ထွက်ရန် ထရမ့် အမေရိကန်သမ္မတဖြစ်ခဲ့သည့် ၂၀၁၈ ခုနှစ်က ဆုံးဖြတ်ချက် ချခဲ့ပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ရန်လိုမှုများ တိုးပွားလာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်အနောက်ပိုင်း၌ ချုံခိုတိုက်ခိုက်မှုကြောင့် လက်ထောက်ကော်မရှင်နာတစ်ဦး သေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလော့ချစ္စတန်ပြည်နယ်၌ ယာဉ်တစ်စီးကို အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်ထောက်ကော်မရှင်နာတစ်ဦး သေဆုံးခဲ့ကြောင်း၊ ထို့ပြင် အခြားအရာရှိတစ်ဦးနှင့် လမ်းသွားလမ်းလာတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းဖြစ်ရပ်မှာ ဘာလော့ချစ္စတန်ပြည်နယ် မက်စ်တန်းဂ်ခရိုင်၌ တနင်္လာနေ့ ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ထောက်ကော်မရှင်နာစီးနင်းလိုက်ပါသည့် ယာဉ်တန်းကို တိုက်ခိုက်ရေးသမားများ ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသော အရာရှိနှင့် လမ်းသွားလမ်းလာတို့ကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု ဆိုသည်။ ယင်းပစ်ခတ်တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့တွင် တာဝန်ရှိသူသည်ကို မသိရသေးချေ။ အခင်းဖြစ်ပွားသည့်နေရာကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် ပိတ်ဆို့ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ အပူလှိုင်းကြောင့် သေဆုံးသူ ၂၁ ဦးအထိရှိလာ

**ဆိုးလ် ဩဂုတ် ၁၃**

တောင်ကိုရီးယားအပူလှိုင်းကြောင့် ယခုနှစ်တွင် ယခုအချိန်အထိ သေဆုံးသူ ၂၁ ဦးရှိပြီဖြစ်ပြီး အပူနှင့်ဆက်စပ်ရောဂါဝေဒနာခံစားရသူ ၂၃၀၀ ကျော်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့က ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့တွင် မိမိအိမ်အနီးရှိ လမ်းတစ်ခုပေါ်၌ အသက် ၅၆ နှစ်အရွယ် အမျိုးသားတစ်ဦး လဲကျခဲ့ပြီးနောက် ဆေးရုံတင်ခဲ့သော်လည်း တနင်္လာနေ့တွင် သေဆုံးခဲ့ကြောင်း ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေချိန်အတွင်း မေ ၂၀ ရက်မှ ဩဂုတ် ၁၁ ရက်အထိ အပူနှင့်ဆက်စပ်ရောဂါများကြောင့် သေဆုံးသူ ၂၁ဦးအထိ မြင့်တက်ခဲ့သည်။ ယင်းကာလအတွင်း အပူကြောင့်ဖြစ်ပေါ်ခဲ့သော လူနာပေါင်း ၂၂၆၃ ဦးအထိ ရှိခဲ့သောကြောင့် လွန်ခဲ့သောနှစ် အလားတူကာလထက် ပိုများလာခဲ့သည်။

ဆက်လက်ဖြစ်ပွားလျက်ရှိသော အပူလှိုင်းကြောင့် တိရစ္ဆာန်ကောင်ရေ ၇၀၃၀၀ သေဆုံးခဲ့သည်။ နိုင်ငံအနောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများတွင် ညအပူချိန်မြင့်မားနိုင်ကြောင်း ခန့်မှန်းမှုနှင့်အတူ နိုင်ငံ၏ဒေသအများအပြားတွင် အပူလှိုင်းများ ဆက်လက်ဖြစ်ပွားမည်ဟု မိုးလေဝသအေဂျင်စီက ပြောခဲ့သည်။ **ဆင်ဟွာ**



# ဖိလစ်ပိုင်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၃၆၁၆၁ ဦးအထိ မြင့်တက်လာ

**မနီလာ ဩဂုတ် ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၃ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၃၆၁၆၁ ဦးအထိ မြင့်တက်လာပြီး သေဆုံးသူဦးရေမှာလည်း ၃၆၄ ဦးအထိရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်)က အင်္ဂါနေ့တွင် ပြောသည်။

ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် မြင့်တက်လာသော်လည်း သေဆုံးသူအရေအတွက် လျော့နည်းကြောင်း ကျန်းမာရေးဌာန ပြောရေးဆိုခွင့်ရှိသူ အဲလ်ဘတ် ဒိုမင်ဂိုကို ပြောသည်။ ထို့ပြင် ယခုနှစ်တွင် သေဆုံးသူအရေအတွက် လျော့နည်းခြင်းမှာ ဆောလျင်စွာ ဆွေးနွေးတိုင်ပင်လိုသူများနှင့် ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုများကို လုပ်ဆောင်သော ဆေးရုံများကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဒိုမင်ဂိုသည် ပြည်သူများအား ဂရုတစိုက်ရှိကြရန် တိုက်တွန်းကာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် အတက်ဘက်သို့ရောက်နေဆဲဖြစ်ကြောင်း သတိပေးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ မှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက် ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ကြောင့်ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်စက်မှုဇုန်နှင့် ပျဉ်းမပင်စက်မှုဇုန်တို့တွင် ဩဂုတ် ၁၂ ရက်က အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို Musung Garment Co.,Ltd (အထည်ချုပ်စက်ရုံ)နှင့် စိမ်းလန်းသော နယ်မြေသစ် (အထည်ချုပ်စက်ရုံ)တို့မှ အလုပ်သမားများအား အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းက အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။



ညွှန်ကြားရေးမှူးချုပ်က အသိပညာပေးဆွေးနွေး ဟောပြောရာတွင် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေများကို ကောင်းစွာသိရှိနားလည်ပါက အငြင်းပွားမှုများ လျော့နည်းလာမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်အနေဖြင့်လည်း ဥပဒေပါ ခံစားခွင့်များ အပြည့်အဝပေးရန် လိုအပ်ပါကြောင်း၊ အလုပ်သမားအငြင်းပွားမှုများ ဖြစ်ပွားလာပါက အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုသာ အေးချမ်းသာယာသော လုပ်ငန်းခွင်ဖြစ်စေမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာမှသာ ကုန်ထုတ်စွမ်းအားလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်စွမ်းအားတိုးတက်မှသာ အလုပ်သမားများ၏ လူမှုဘဝတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အငြင်းပွားမှုများဖြစ်ပွားလာပါက စက်ရုံတွင်း၌ ပြေလည်မှုရရှိအောင် WCC တွင်ကနဦးဆွေးနွေး ညှိနှိုင်းမှုလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ WCC တွင် ပြေလည်မှု မရရှိပါက ဝန်ကြီးဌာနအောက်ရှိအလုပ်သမားရေးရာဌာနများသို့ တိုင်ကြားနိုင်ပြီး ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အလုပ်သမားဥပဒေများပါ အလုပ်ရှင်၊ အလုပ်သမားများ သိရှိဆောင်ရွက်သင့်သည့် အချက်များကို သိရှိနိုင်ရေး ယခုလို တွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး ဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် အလုပ်သမားများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက ပြန်လည်ဖြေကြားခဲ့ပြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ စက်ရုံများရှိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဖျာပုံ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာ ဆရာမများသည် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ဖျာပုံမြို့ အထက (၃) ကျောင်း မြမဋ္ဌာခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားပြီး ဖျာပုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၅၀)မူးယစ်တပ်ဖွဲ့စု (ဖျာပုံ) နှင့် အမှတ် (၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောကြသည်။ ထို့နောက် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင် (ဖျာပုံ)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ကြွေပန်းကန် ၇၆၈၃ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၁၉၁၄၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါပုံး ၁၄၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ )နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၁၉၁၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် ဘုရားကြီးမြို့မြို့အဝင်၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် တောင်ငူမြို့ ဘုရင့်နောင်ဈေး ရွှေခေတ်မန်းကားဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန် တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၁၂ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်အခြားသစ်၂ ဒသမ ၀၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၁၃၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၈၁၁၃၉ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Harrier မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ်၌ လိုင်စင်မဲ့ Toyota Corolla မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၉၀၀၂၇၉ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ် (၅၉၅၈)နေ ဦးသန်းနိုင်ထွန်း (၄၉) နှစ်၏ နေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ ဦးသန်းနိုင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စောသန္တာဦး (၄၈) နှစ်နှင့် သားဖြစ်သူ ကိုနောင်ရွှေအုပ်စိုး (၂၉)နှစ်တို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အဆိုပါနေအိမ်ရှိ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင် မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၉/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄/၃၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များရယူဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် အဆိုပါ YGN–36 5E/9185 Ractis ခဲရောင်မော်တော်ယာဉ်အား ပျဉ်းမနားမြို့ ပေါင်းလောင်း(၂)ရပ်ကွက်ရှိ ရွှေပေါင်းလောင်း တည်းခိုခန်းအနီး လမ်းမပေါ်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ကွင်းဆက်မပြတ်ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံဖြစ်သည့် ဝင်းမင်းသူ(ခ) ဖိုးလပြည့်(ခ)ဇော်ဇော်(၁၉)နှစ် (ဘ)ဦးကျော်သူ၊ ချောင်းစောက်ကျေးရွာ ပုဗ္ဗသီရိမြို့နယ်နေသူအား ဩဂုတ် ၁၂ ရက် ည ၆ နာရီခွဲတွင် ရန်ကုန်မြို့မှ ချောက်မြို့သို့ ထွက်ခွာလာသည့် မြသရဖူ ခရီးသည်တင်ယာဉ်ပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ ရဲထက်ကျော်(၁၉)နှစ် (ဘ)ဦးကျော်အေး၊ ဥတ္တရသီရိရပ်ကွက် ဥတ္တရသီရိမြို့နယ်နေသူအား ယင်းနေ့ ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်း (အနောက်)ကျေးရွာ၌ လူသတ်မှုကျူးလွန်၍ လုယက်ယူဆောင်ခဲ့သည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် သေဆုံးသူ နောင်ရွှေအုပ်စိုးနှင့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြပြီး နောင်ရွှေအုပ်စိုးမှာ မူးယစ်ဆေးဝါးသုံးစွဲလေ့ရှိသူဖြစ်ကြောင်း၊ နောင်ရွှေအုပ်စိုး၏နေအိမ်၌ ၎င်းတို့နှစ်ဦးနှင့်အတူ မကြာခဏ အရက်နှင့်ထန်းရည်အတူသောက်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြောင်း၊ တရားခံ ရဲထက်ကျော်မှ ဆိုင်ကယ်အသစ်ဝယ်ယူရန်အတွက် ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ နောင်ရွှေအုပ်စိုးတို့မိသားစုအား သတ်ဖြတ်ပြီး ၎င်းတို့ပိုင် မော်တော်ယာဉ်အား ရောင်းချပါက ငွေများရရှိနိုင်ကြောင်း၊ ရောင်းချငွေများအား ၎င်းတို့နှစ်ဦးမှ တစ်ဝက်စီခွဲဝေယူရန် တိုင်ပင်ခဲ့ကြပြီး ဩဂုတ် ၈ ရက် ည ၇ နာရီတွင် နောင်ရွှေအုပ်စိုး၏ နေအိမ်သို့ သွားရောက်၍ အရက်အတူ သောက်စားခဲ့ပြီးနောက် နောင်ရွှေအုပ်စိုးနှင့် ၎င်း၏ မိဘများဖြစ်သည့် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦးတို့ သုံးဦးအား အသင့်ယူဆောင်လာသည့် သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ကာ နေအိမ်ရှိ လက်ကိုင်ဖုန်းလေးလုံး၊ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင် မော်တော်ယာဉ်တစ်စီးတို့ကို ယူဆောင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် တရားခံများဖြစ်ကြသည့် ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့သည် ငွေကြေးလိုအပ်ချက်အရသူငယ်ချင်းဖြစ်သူနှင့် ၎င်း၏ မိဘများအား သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (ဂ)ရပ်ကွက် မြို့မဈေးရှေ့တွင် မုံရွာမှ ယင်းမာပင်ဘက်သို့ ခင်မောင်ဆန်း မောင်းနှင်ပြီး လွင်မင်းသန့် လိုက်ပါလာသည့် CANTER ခြောက်ဘီး မော်တော်ယာဉ်ကို ရှာဖွေရာယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆက်တရားခံ ကြင်ဆွန်း (ခ) ကျင်စွမ်းအား HILUX SURF မော်တော်ယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇ သိန်းနှင့်လည်းကောင်း၊ ယင်းနေ့နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ထွဋ်မြတ်ဦး (ခ) အီးတီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့်လည်းကောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ ထွဋ်မြတ်ဦး (ခ) အီးတီအား ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်–မန္တလေး အမြန်လမ်း၊ (၂၀၁)မိုင် တိုးဂိတ်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “မိန်းမရိုင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ဘားအံမြို့နယ်နေ အိစန္ဒာခိုင်အား နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Yair Yint Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ရဲရင့်အောင်(ခ)ကိုရဲအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Moe Moe (Moe Moe Bago)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ မိုးသီတာအေး(ခ)သီတာအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Thant Chit Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ သန်းဌေး(ခ) အငယ်လေး(ခ)မိစံအား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေရောင်အဆင်း ပလိပ်အင်း . . .

ကိုရွှေမန်း (မန္တလေး)

**မြို့ပုဂံ ရွာပလိပ်**

ပလိပ်မြို့ (ပလိပ်ရွာ) သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း တည်ရှိပြီး မန္တလေးမြို့၏ တောင်ဘက် ၁၄ မိုင်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းဘေးတွင် တည်ရှိပါသည်။

"မြို့ပုဂံ ရွာပလိပ်" ဟူသည့် စာချိုးမှာ စေတီပုထိုးပေါများသည်ကို ညွှန်းဆိုသည့် စာချိုးဖြစ်ပါသည်။ မြို့များတွင် ပုဂံမြို့သည် ဘုရားပုထိုးစေတီအများဆုံးဖြစ်ကြောင်း၊ ရွာများတွင် ပလိပ်ရွာသည် ဘုရားပုထိုးစေတီအများဆုံးဖြစ်ကြောင်း ဆိုလိုရင်းဖြစ်ပါသည်။ "လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း၊ သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း" စသည့် စာချိုးများကဲ့သို့ "ငြိမ်းချမ်းမြေရွှေပလိပ်" ဟူ၍လည်း ပလိပ်တွင်ရှိသော ဘုရားစေတီ အရေအတွက် ၃၂၅ ဆူရှိသည်ကို မှတ်သားကြပါသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၏ မှတ်တမ်းအရ ပလိပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားပုထိုးစေတီပေါင်း ၃၂၅ ဆူရှိကြောင်းကိုလည်း သိရှိရပါသည်။ အမျိုးအစားအားဖြင့် ဂူဘုရားများ၊ မြေပေါက်စေတီများ၊ အင်္ဂတေဆင်းတုတော်များ ဖြစ်ကြပြီး ခေတ်အားဖြင့် အင်းဝခေတ်၊ အမရပူရခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် ဘုရားစေတီများဖြစ်ပါသည်။

**ပလိပ်ဟူသောဝေါဟာရ**

ပလိပ်ဟူသည် ပုဂံခေတ်အနော်ရထာမင်း၏ မိဖုရားတစ်ပါးဖြစ်သော စောမွန်လှမိဖုရားအား နားတောင်းအဖြစ် ပေလိပ်ကိုလိပ်၍ ပေလိပ်နားတောင်းဆက်သသည်ကို အစွဲပြု၍ ပေလိပ်ရွာဟု အမည်တွင်ခဲ့ပြီး ကာလကြာသောအခါ ပေလိပ်ရွာမှ ပလိပ်ရွာဟု ပြောင်းလဲလာကြောင်း ယုံကြည်ခဲ့ကြသည်။ နောက်အဆိုတစ်ခုမှာ မိဖုရားစောမွန်လှမင်းပြစ်မင်းဒဏ်သင့်၍ ရှမ်းပြည်နယ်သို့ အပြန်ခရီးတွင် ဒုဋ္ဌဝတီမြစ်အတွင်း ကြီးမားသောငါးကြီးများကို မြင်တွေ့သဖြင့် (ရှမ်းဘာသာစကားဖြင့် **ပါနော ပါနော**) မြန်မာဘာသာစကားဖြင့် ငါးကြီးတွေ ငါးကြီးတွေဟု ပြောဆိုသည်ကို အစွဲပြု၍ ထိုနေရာအား ဘနော့ရွာဟုခေါ်ကြောင်း၊ မြစ်ကြောင်းအတိုင်း ဆန်တက်လာစဉ် မြစ်ကမ်းစပ်တွင် ငါးလေးများကို မြင်တွေ့သဖြင့် (ရှမ်းဘာသာစကားဖြင့် - ပါလိစ် ပါလိစ်) မြန်မာဘာသာဖြင့် ငါးလေးတွေ ငါးလေးတွေဟု ပြောဆိုခဲ့သဖြင့် ပါလိစ်မှ ပလိပ်ဖြစ်လာကြောင်း ဆိုသည်။



ပလိပ်အင်းရှိ ရတနာလာဘမုနိမြွေဘုရား

■ အင်းအိုင်၊ ချောင်းမြောင်းများကို စစ်ရေးအမြင်ဖြင့် အကာအကွယ်ပြု၍ တည်ဆောက်ထားကြသည့် မင်းနေပြည်များဖြစ်သော အင်းဝမင်းနေပြည်၊ အမရပူရမင်းနေပြည်၊ ရတနာပုံမန္တလေးမင်းနေပြည်များနှင့် ဆက်စပ်နေပြီး ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ကျရောက်နေသဖြင့် ပလိပ်ဒေသသည် ရှမ်းပြည်နယ်ထွက်ကုန်များနှင့် မြေပြန့်ထွက်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရာ ဒေသဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပဒေသရာဇ်ခေတ် မင်းနေပြည်များနှင့် ကိုလိုနီခေတ် မန္တလေးဒေသသို့ ရှမ်းပြည်ဒေသထွက် လက်ဖက်စို၊ လက်ဖက်ခြောက်များ ရောင်းဝယ်ခြင်းလုပ်ငန်းသည် ကြီးမားသည့်လုပ်ငန်းဖြစ်ပြီး ရှမ်းပြည်သို့အပြန်ခရီးတွင် မန္တလေးဒေသမှ ဆား၊ ငါးခြောက်၊ ဆေး၊ အထည်အလိပ်၊ ဆီ၊ ဆေးဝါးနှင့် စည်သွတ်ဘူးများ ဝယ်ယူလေ့ရှိ

ထို့အပြင် ပလိပ်ဒေသသို့ ရှမ်းပြည်နယ်မှ ငါးဆားနယ်များ လာရောက်ဝယ်ယူကြောင်းကို ပါလိစ်သွားမည်ဟု ရှမ်းဘာသာဖြင့် ပြောဆိုကြသဖြင့် ပါလိစ်မှ ပလိပ်ဖြစ်လာသည်ဟု ထင်မြင်ယူဆချက်များရှိနေပါသည်။ လက်ရှိအခြေအနေတွင်လည်း ပလိပ်ဒေသသည် ဒုဋ္ဌဝတီမြစ်ရေနှင့် ဧရာဝတီမြစ်ရေ ပေါင်းဆုံရေလွှမ်းလေ့ရှိသည့် ဝါဆိုဝါခေါင်လများတွင် ရေပြင်ချင်းဆက်နေသည့် အင်းရေပြင်များဖြစ်၍ သားငါးပုစွန်ပေါများရာအရပ်ဖြစ်ပါသည်။ သမိုင်းအထောက်အထား မှတ်တမ်းများအရ ပလိပ်သည် ပုဂံခေတ်မှစ၍ တည်ရှိစည်ကားနေပြီဖြစ်ကြောင်း သိရသည်။



မိုးရာသီပလိပ်အင်းရေပြင်ကျယ်ရှုခင်း

အင်းအိုင်၊ ချောင်းမြောင်းများကို စစ်ရေးအမြင်ဖြင့် အကာအကွယ်ပြု၍ တည်ဆောက်ထားကြသည့် မင်းနေပြည်များဖြစ်သော အင်းဝမင်းနေပြည်၊ အမရပူရမင်းနေပြည်၊ ရတနာပုံမန္တလေးမင်းနေပြည်များနှင့် ဆက်စပ်နေပြီး ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ကျရောက်နေသဖြင့် ပလိပ်ဒေသသည် ရှမ်းပြည်နယ်ထွက်ကုန်များနှင့် မြေပြန့်ထွက်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရာဒေသဖြစ်သည်ဟုဆိုနိုင်ပါသည်။ ပဒေသရာဇ်ခေတ် မင်းနေပြည်များနှင့် ကိုလိုနီခေတ် မန္တလေးဒေသသို့ ရှမ်းပြည်ဒေသထွက် လက်ဖက်စို၊ လက်ဖက်ခြောက်များ ရောင်းဝယ်ခြင်းလုပ်ငန်းသည် ကြီးမားသည့် လုပ်ငန်းဖြစ်ပြီး ရှမ်းပြည်သို့အပြန်ခရီးတွင် မန္တလေးဒေသမှ ဆား၊ ငါးခြောက်၊ ဆေး၊ အထည်အလိပ်၊ ဆီ၊ ဆေးဝါးနှင့် စည်သွတ်ဘူးများ ဝယ်ယူလေ့ရှိကြောင်း တွေ့ရသည်။

**ရတနာလာဘမုနိဘုရား**

ပလိပ်အင်းစောင်း ကုန်းမို့မို့ရှိ ရတနာလာဘမုနိမြွေဘုရားသည် အထူးထင်ရှားသော ဘုရားတစ်ဆူဖြစ်ပါသည်။ လာဘမုနိဘုရားကုန်းကို ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ယဉ်ကျေးမှုဇုန်နယ်မြေ အမှတ်(၂) အဖြစ် သတ်မှတ်ထားပါသည်။ ပုဂံအလောင်းစည်သူမင်းသည် သက္ကရာဇ် (၄၇၄) ခုနှစ်တွင် ဖောင်စကြာရေယာဉ်ဖြင့် ပလိပ်ရွာသို့ရောက်ရှိစဉ် ဘုရားနှစ်ဆူတည်ရာတွင် ရှင်ဘုရင်ကိုယ်တော်တိုင် ကူညီ၍ ကုသိုလ်ယူပါဝင်ကာ တည်ထားသည်ကို အကြောင်းပြု၍ ရှင်ဘုရင်ကူတုပ်ဘုရားနှင့် ရှင်ဘုရင် ကူရဘုရားဟူ၍ ဘွဲ့တော်ရှိခဲ့ပြီး နောင်တွင် ရှင်ပင်ဂူတုပ်နှင့် ရှင်ပင်ဂူလှဘုရားဟု ပြောင်းလဲသွားကြောင်း အဆိုရှိသည်။

ရှမ်းပြည်နယ်မှ ထွက်ပြေးတိမ်းရှောင်လာကြသည့် ရှမ်းမောင်နှမ သုံးဦးသည် အလောင်းစည်သူမင်းထံ ဝင်ရောက်ခိုလှုံလာပြီး စေတီတစ်ဆူနှင့် ရုပ်ပွားတော်တစ်ဆူ တည်ထားပူဇော်ခွင့် တောင်းခံရရှိခဲ့ရာ အဆိုပါစေတီနှင့်ရုပ်ပွားတော်မှာ ရတနာလာဘမုနိမြွေဘုရားဖြစ်ကြောင်း မြွေဘုရားသမိုင်းတွင် ဖော်ပြထားပါသည်။ ရတနာလာဘမုနိမြွေဘုရားစုတွင် ဘုရားစေတီပေါင်း ၂၇ ဆူရှိသည်ဟု သိရပြီး ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေ(၂) အဖြစ် ပလိပ်အင်းစောင်းကုန်းမို့မို့တွင် ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။ ရှင်ပင်ဂူတုပ်ဘုရားတွင် ပုဂံခေတ်လက်ရာအကြွင်းဟန်များ တွေ့နိုင်ပါသေးသည်။

**ပလိပ်အင်း**

အင်းအဖြစ် စတင်သတ်မှတ်သည့်ခုနှစ်ကို အတိအကျမသိရသေးသော်လည်း အင်းမြေပုံအထောက်အထားအရ ၁၉၅၉ ခုနှစ်တွင် လေလံတင် ရောင်းချနေပြီဖြစ်ကြောင်း တွေ့ရသည်။ ၁၉၈၉ - ၁၉၉၀ ခုနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ငါးလုပ်ငန်းဦးစီးဌာနသို့ လေလံအင်းအဖြစ် လွှဲပြောင်းပေးခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနမှလည်း လေလံအင်းအဖြစ် သတ်မှတ်ရောင်းချခဲ့ကြောင်း မှတ်တမ်းများ တွေ့ရသည်။

၁၉၆၃ ခုနှစ်ခန့်ဟု ခန့်မှန်းရသည့် စဉ့်ကိုင်မြို့ပိုင်၏ စဉ့်ကိုင်မြို့နယ်အတွင်းရှိ အင်းများ၏ ရာဇဝင်အကျဉ်းချုပ်တွင် ပလိပ်အင်းသည် ၇၅၉ ဧကရှိကြောင်း၊ ပလိပ်နှင့် မြောက်ကိုင်းကျေးရွာကြားတွင် တည်ရှိပြီး မြစ်ငယ်မြစ်ရေ တိုးသည့်အခါ အင်းအတွင်းသို့ ရေ ၁၅ ပေအထိ သွင်းထား၍ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မလိုအပ်သောရေများကို ဖွင့်ထုတ်ရသောအင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ဌာနဆိုင်ရာ မှတ်တမ်းများအရ ပလိပ်အင်းသည် ကွင်းအမှတ် ၁၆၊ ၁၇၊ ၁၈၊ ၁၉ တွင် တည်ရှိသည်။ ပလိပ်ကျေးရွာနှင့် မြောက်ကိုင်းကျေးရွာကြားတွင် တည်ရှိပြီး စိတ္တရရွာ၊ ရွာသစ်ရွာ၊ တံတားဦးရွာနှင့် ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ထိစပ်လျက်ရှိပါသည်။ အင်းအတွင်း လုပ်ကိုင်နေသော တောင်သူများနှင့် ဖွဲ့စည်းထားသောရေကော်မတီနှင့် ရေသွင်း/ရေထုတ် ပြုလုပ်ရသောအင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပလိပ်အင်းတွင် ထူးခြားသော ဖြစ်စဉ်တစ်ရပ်ဖြစ်ပွားခဲ့ကြောင်းကို လက်ထောက်မြို့နယ် အရာရှိ စဉ့်ကိုင်မြို့၏ ကျောက်ဆည်ခရိုင်ဝန်မင်းထံ

*စာမျက်နှာ ၁၇ သို့*

## “ Beautiful ASEAN ” MRTV ORCHESTRA တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၆ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် (၅၇) နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် “Beautiful ASEAN” MRTV ORCHESTRA တင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သံစုံတီးဝိုင်း MRTV ORCHESTRA ၏ တင်ဆက်မှုနှင့်အတူ တေးသံရှင် စောဒယ်နီရယ်၊ မင်းမြတ်သော်၊ လင်းဘုန်းကျော်၊ စိမ့်နေခြည်၊ နန်းစန္ဒီ၊ မြနန္ဒာ၊ ဖူးကေရီဆောင်း၊ လဝန်းမေ၊ ခတ္တာနှင့် ချစ်စုစံတို့က အာဆီယံနိုင်ငံများမှ ထင်ရှားကျော်ကြားသည့် တေးသီချင်းများကို ယင်းဘာသာစကားများအလိုက် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း Live Streaming လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၈ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

တင်ပြသည့် အစီရင်ခံစာအရ သိရှိရသည်။ ဖြစ်စဉ်အကျဉ်းမှာ အင်းအတွင်းရှိ ရေကို အထုတ်အသွင်းပြုခြင်းနှင့် ပတ်သက်၍ အင်းသူကြီးနှင့် လယ်သမားများ စကားများကြသဖြင့် သုံးနှစ်ခန့် လေလံရောင်းချခြင်းကို ရပ်ဆိုင်းထားခဲ့ပါသည်။ လေလံရပ်ဆိုင်းထားသည့် ကာလအတွင်း အနိမ့်ပိုင်းလယ်သမားများက ရေထုတ်ပစ်ခြင်း၊ အမြင့်ပိုင်းလယ်သမားများက ရေပိတ်ထားခြင်းကို လိုသလိုပြုလုပ်ခဲ့ကြပါသည်။

အင်းအတွင်းရှိ ငါးများကို ဖမ်းဆီးခြင်းသည် သီးနှံစိုက်ပျိုးသည်ထက် ဝင်ငွေပိုမိုရရှိသဖြင့် စိုက်ပျိုးထားသောသီးနှံများကို ဂရုမထားတော့ဘဲ ငါးဖမ်းဆီးခြင်းကိုသာ ဆောင်ရွက်ကြသဖြင့် အချင်းချင်း မညီမညွတ် ဖြစ်ပွားလာသောကြောင့် တောင်သူများက အင်းလေလံရောင်းချရန် သဘောတူခဲ့သောဖြစ်စဉ် ပေါ်ပေါက်ခဲ့ပါသည်။ ရေကော်မတီလူကြီးအချို့သည် အင်းသူကြီးနှင့် နားလည်မှုယူပြီး ရေတံခါးကို ခြယ်လှယ်ခြင်းကြောင့် လယ်သမားနှင့် အင်းသူကြီး အငြင်းပွားမှုဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။ အစီရင်ခံစာတွင်ပလိပ်အင်းသည် (၁) လေလံတင်ရောင်းချမှုကောင်းသည့် အင်းဖြစ်ခြင်း၊ (၂) အစိုးရဘဏ္ဍာတော်ငွေရရှိစေရေးတို့အတွက် စည်းကမ်းသတ်မှတ် ရောင်းချသင့်ကြောင်း တင်ပြခြင်းကြောင့် လေလံအင်းဘဝသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

အင်းခွန်ငွေ၊ မှတ်တမ်းအရ ၁၉၆၂–၁၉၆၃ ခုနှစ် – ၁၁၀၀၀ ကျပ်/၁၉၆၄ ခုနှစ်–၁၄၂၀၀၀ ကျပ်။ ၁၉၆၅–၁၉၆၆ ခုနှစ်အထိ လေလံရပ်ဆိုင်းထားခဲ့ရပြီး ၁၉၆၇ ခုနှစ်တွင် ပြန်လည်၍ လေလံရောင်းချနိုင်ခဲ့ရာ ရငွေမှာ ၁၂၄၀၀၀ကျပ်/ဖြစ်ကြောင်း တွေ့ရသည်။

ပလိပ်အင်းသည် ငါးထုတ်လုပ်မှုမြင့်မားပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့တွင်ရှိသော အပူပိုင်းဇုန်ဒေသ (Central Dry zone) အတွင်းရှိ ကုန်းတွင်း အင်းတစ်အင်း ဖြစ်သည့်အပြင် ရေတိမ်ဒေသ(Wet Land) တစ်ခုဖြစ်ပါသည်။ ဆောင်းခိုငှက်များ ရာသီအလိုက် ပျော်ပါးလာရောက်လေ့ရှိရာဒေသ၊ သဘာဝအပြင်လှူ၊ တိရစ္ဆာန်နှင့် ရေမြေ အပြန်အလှန် အမှီသဟဲပြုရာ ဂေဟဗေဒစနစ်ကောင်းတစ်ခုဖြစ်သည့်အပြင် ရေချိုအရင်းအမြစ်တစ်ခုလည်း ဖြစ်ပါသည်။

ပလိပ်အင်းသည် မန္တလေးအမရပူရမြို့နယ်ရှိ တောင်သမန်အင်းကဲ့သို့ပင် နွေရာသီအလှ၊ မိုးရာသီအလှ၊ ဆောင်းရာသီအလှဟူသော အလှသုံးမျိုးနှင့် ပြည့်စုံသည့် သုံးပန်လှ အင်းတစ်အင်းလည်းဖြစ်သည်။ မိုးရာသီအလှတွင် ရန်ကုန် – မန္တလေး ကားလမ်းမနှင့် ကားလမ်းပေါ်မှ ရှုခင်းသည် ရေဖွေးဖွေးလှုပ်ရေပြင်ကျယ်ကြီးနှင့် စိမ်းညို့ညို့တောတန်းနှင့် စစ်ကိုင်းတောင်ရှုခင်းအလှကိုလည်းကောင်း၊ ဆောင်းရာသီအလှတွင် ဆောင်းသီးနှံစိုက်ခင်းများနှင့် ဆောင်းခိုရေနေငှက်မျိုးစုံအလှကို လည်းကောင်း၊ နွေရာသီတွင် ရိတ်သိမ်းဆဲသီးနှံစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းအလှများကိုလည်းကောင်း ရှုမြင်ခံစားရမည်ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ – ၈ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၄၅ ကျပ် | ၃၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၅၀ ကျပ် | ၂၈၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်–

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၂၃၂၈ | ၂၀၉၅၃၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၅၀ | ၂၆၂၉ | ၈၉၆၃၆၀၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၁ | ၈၅၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၁၈၆၂ | ၃၃၅၁၆၅၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၅၅ | ၁၅၄၀၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၃၂၄ | ၂၂၉၁၃၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၂၃၂ | ၁၀၆၇၂၀၀ |
| MAEX | ၃၃၀၀ | ၃၃၀၀ | ၁၁၂၄၈ | ၃၇၁၁၈၄၀၀ |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅

၁။ ဦးကြည်မြင့် နှင့် ဦးတင်ရွှေ
၂။ ဦးစိုးမွန်အောင်
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၉၂၈)နေ ဦးတင်ရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၇ရက်(၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အထက အုတ်ဖို Grade-12 အခန်း(၁) မှ မဝါဝါစိုး၏ ဖခင် ဦးစိုးကြီး၏ အမည်မှန်မှာ ဦးမောင်စိုး ၇/အဖန (နိုင်)၀၃၃၉၈၅ ဖြစ်ပါကြောင်း။
**ဦးမောင်စိုး**

## ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အထက(ခွဲ) အလက(၆)Grade-12 တန်းမှ မောင်ဘုန်းမြင့်စိုး၏ ဖခင်အမည်မှန်မှာ ဦးကာလီပါး ၁၀/မလမ (နိုင်)၃၀၈၁၉၆ ဖြစ်ပါကြောင်း။
**ဦးကာလီပါး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 53W/33924, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princes Co., Ltd.က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၀ယ/၉၇၅၇၇ ယာဉ် လက်ဝယ်ရှိသူ Lwin Moe Aung Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ရွှေဘို)**
**ရွှေဘိုမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မုံရွာမြို့
### ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက်
### (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ ခုတင်(၁၀၀)နှင့်အောက် ခရိုင်/မြို့နယ်/ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခါတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် ဆေးကုမ္ပဏီများထံမှ (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၁၄-၈- ၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇ - ၈ - ၂၀၂၄ ( အင်္ဂါနေ့ ) ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ဆေးဝါးများစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့**
ဖုန်း-၀၇၁-၂၀၂၆၃၀၁၊ ၀၇၁-၂၀၂၆၃၀၂

## ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် 83W/87165, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်လှိုင် ၁၄/ဟသတ (နိုင်)၂၇၇၂၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ဖခင်အမည်မှန်
မိတ္ထီလာမြို့နယ်၊ သပြေဝကျေးရွာ ပညာချမ်းသာကိုယ်ပိုင်အထက်တန်းကျောင်း G-12မှ မောင်ထွန်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းအောင် ၉/ဝတန(နိုင်) ၀၃၇၈၆၂ ဖြစ်ပါကြောင်း။
**ဦးတင်ထွန်းအောင်**

## အမည်ပြောင်းခြင်း
ပုသိမ်မြို့၊ အမှတ် (၁၁)၊ အခြေခံပညာအထက်တန်းကျောင်း Grade (5)တွင် ပညာသင်ကြားနေသော (ဘ) ဦးသက်ဝေထွန်း (၁၄/ပသန(နိုင်)၂၄၂၅၃၃)၏ သားဖြစ်သူ မောင်ကောင်းလပြည့်အား ယနေ့မှစ၍ မောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ကောင်းခန့်**

## Passport ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့နေ (ဘ) ဦးသန်းဦး၏သားဖြစ်သူ နိုင်မျိုးအောင် ၉/ဝတန(နိုင်)၁၄၅၈၉၆ ၏ နိုင်ငံကူးလက်မှတ် (MB-835340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၇၃၉၂၈၈

## အမည်ပြောင်း
ပုသိမ်မြို့၊ အမှတ်(၁၁)၊ အထက Grade(5)တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်စွာစိုး ၁၄/ပသန(နိုင်)၁၉၄၈၇၈၏ သားဖြစ်သူ မောင်သတိုးကျော်စွာအား ယနေ့မှစ၍ မောင်သားဦးမောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်သားဦးမောင်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ်(၇၄၇)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးကျော့ အမည်ပေါက် ပါမစ်မြေကွက်အား ဦးခင်မောင်ဝင်း (ဘ) ဦးမောင်ငွေ ၁၂/မဂဒ(နိုင်)၀၀၆၆၉၃မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
### ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ် ပြည်နယ် အထွေထွေပိုလျှံ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၃-၈-၂၀၂၄ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၂၈-၈-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) ၁၆:၀၀)နာရီ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များအားညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း - 09-259912788**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြေညာခြင်း
ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(ရပ်-၅)၊မင်းတဲရပ်၊ ဦးပိုင်အမှတ် (၄၄.၄၅,N၁၈)၊ မြေကွက်အမှတ်(၂၅၀ᵏ/၂၅၀ᵃ/၂၀၇)မြေဧရိယာ (၀ဒသမ၀၀၁) ဧကရှိ မြေကို ဦးမျိုးမင်းလှိုင်အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်းသက်တမ်းတိုး) လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၆ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန် ကြေညာခြင်း
ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(ရပ်-၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၆၆)၊ မြေဧရိယာ (၀ဒသမ၁၃၇)ဧကရှိ မြေကို ဦးသန့်စင်လှိုင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၆ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့် ကွက် လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အလယ်ရွာကျေးရွာနေ ဒေါ်ကေကေဇင် (ဘ) ဦးသူရ ၇/ကဝန(နိုင်)၁၁၈၅၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေကေဇင်သည် Thar Layအမည်ဖြင့် ဖွင့်လှစ်ထားသော ကိုယ်ပိုင် Facebook အကောင့်တစ်ခုကိုသာဖွင့်လှစ်၍ အသုံးပြုနေခြင်းဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေကေဇင်၏ အမည်နှင့် ဓါတ်ပုံများကိုယူသုံး၍ လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာကိစ္စများအား ပို့စ်ရေးတင်၍ ကျွန်ုပ်၏မိတ်ဆွေ ပြုလုပ်သယောင် ဖန်တီးခြင်းဖြင့် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန်လည်းကောင်း Facebook အကောင့်များအားဖွင့်လှစ်ပြီး လူမှုကွန်ယက်စာမျက်နှာပေါ်တွင် ပို့စ်များရေးတင်၍ အခြားသူတစ်ပါးအား စိတ်အနှောင့်ယှက်ဖြစ်ပေါ်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဖန်တီးရေးသားခြင်းများရှိနေပါသောကြောင့် ထိုကဲ့သို့ ပြုလုပ်ဆောင် ရွက်နေခြင်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေကေဇင်နှင့် တစ်စုံတစ်ရာသက်ဆိုင်ခြင်းလုံးဝမရှိပါကြောင်းနှင့် ထိုသို့ ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ဓါတ်ပုံများအားယူသုံး၍အကောင့်များဖွင့်လှစ်ပြီး ပို့စ်တင်ရေးသားခြင်းများ ပြုလုပ်နေသည်ကို သိရှိရပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေကေဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးညီညီပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၁၉/၁၅-၈-၂၀၁၉)**
**အမှတ်(၅/၃၉၈)၊(၁၁)လမ်း၊ ရပ်ကွက်ကြီး(၁)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ ။**
**ဖုန်း-၀၉-၇၉၉၈၃၄၈၉၄**

## အများသိစေရန်ကြေညာချက်
မိတ္ထီလာမြို့နေ ဒေါ်လှကြည်(ဘ)ဦးတင်ရွှေ ၅/ကသန(နိုင်)၀၁၁၃၃၃ နှင့် ဒေါ်ဝင့်မာလာ(ဘ)ဦးခင်အောင် ၅/အတန(နိုင်)၀၇၀၄၈၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်ရှိ ကွင်းအမှတ် (၁၂/သိန္တော်ကုန်း)၊ မြေကွက်အမှတ်(၃၅)၊ ဧရိယာ(၀.၀၄၀)ဧကရှိ အရှေ့လားသော်- မြေကွက်အမှတ်(၃၄)၊ အနောက်လားသော်- မြေကွက်အမှတ်(၃၆)၊ တောင်လားသော်-လမ်း၊ မြောက်လားသော်- ဒူးလမ်းစသည့် အလား(၄)ရပ်အတွင်းရှိ ဒေါ်စောကြည် ဂရန်အမည်ပေါက် ဂရန်အမှုတွဲအမှတ်(၅၆/၁၉၉၁-၁၉၉၂) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူ ဒေါ်ခင်ဖြူ(ဘ)ဦးတင်ရွှေ ၉/မထလ(နိုင်)၂၅၅၇၅၁ မှ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်လှကြည်(ဘ)ဦးတင်ရွှေ ၅/ကသန(နိုင်)၀၁၁၃၃၃ နှင့် ဒေါ်ဝင့်မာလာ(ဘ)ဦးခင်အောင် ၅/အတန(နိုင်)၀၇၀၄၈၆တို့မှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (၉-၈-၂၀၂၄)ရက်စွဲပါ စရန်ပေးစာချုပ် ချုပ်ဆို၍ စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လှကြည် ၅/ကသန(နိုင်)၀၁၁၃၃၃** | **ဦးသက်နိုင်စိုး** |
| **ဒေါ်ဝင့်မာလာ ၅/အတန(နိုင်) ၀၇၀၄၈၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်- ၁၀၄၉၅)** |
| | **ပြည်သာယာတောင်ရပ်ကွက်၊** |
| | **မိတ္ထီလာမြို့** |

## အထူးကိုယ်စားလှယ်စာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း
ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ်(၃၂၆)၊ ဧရိယာ(၀.၄၄၁)ဧကရှိ မြေကွက်နှင့်ပတ်သက်၍ ကျွန်တော် ဦးအေးမှ ပဲခူးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၂၀၂၂ ခုနှစ် အထူးကိုယ်စားလှယ်လွှဲစာချုပ်အမှတ် ၀၅၀အရ ဦးညီညီအေး(ဘ) ဦးအေး ၇/ပခန(နိုင်)၁၇၁၂၂၁ ထံသို့ လွှဲအပ်ခဲ့သောကိုယ်စားလှယ်စာအား ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးအေး(ဘ) ဦးချစ်**
**၇/ပခန(နိုင်)၀၁၈၅၇၆**
**အမှတ်(၃၂၃)၊ ရွှေမော်ဓောဘုရားလမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
နေပြည်တော်၊ ဗုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ မြေကွက်အမှတ်(ပစ(C)၅၈၁၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းအောင်စိုး ၉/ဇယသ(နိုင်)၀၀၆၇၁၈ အမည်ပေါက်မှ တစ်ဆင့် ဒေါ်သန်းသန်းအေး ၉/ပမန(နိုင်)၀၁၂၀၈၄မှ ဝယ်ယူခဲ့ပြီး ယခု ကျွန်ုပ် ဦးဝင်းကို(ဘ)ဦးသန်းအောင် ၁၃/လရန(နိုင်)၁၀၂၈၃၂မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက် စာတမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးဝင်းကို ဖုန်း-၀၉-၂၅၄၂၈၁၁၈၂**

## ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၁)၊ ဦးပိုင်အမှတ်(၂၄.ခ)၊ ၂၉လမ်းနှင့် လမ်း ၃၀ကြား၊ ၈၆လမ်း၊ ရွှေတချောင်းလမ်းနှင့် ၈၉လမ်းကြားရှိ ဒေါ်မိမိလေး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၃၄၆၆/၂၀၀၈)ဖြင့် အမွေဆက်ခံခဲ့ သည့် ဒေါ်အိသီတာမြင့် ၉/ခအဇ(နိုင်) ၀၀၉၄၂၃မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**ဌာနမှူး၊**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖခင် အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ညောင်ခါးရှည်) G-9(A) မှ မောင်ထက်လင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုလင်း (၇/ဝမန(နိုင်)၁၆၇၄၃၇) ဖြစ်ပါကြောင်း။
**ဦးကိုလင်း**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ နှောင်းချိုလမ်း၊ မြေကွက်အမှတ် (၉၀၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစန်းရီ (AD - ၀၇၄၉၃၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၀၉)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ငွေငွေဝင်း (၁၂/ဥကတ (နိုင်)၀၁၇၆၇၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကိုင်းကျေးရွာနေ အထက(အောင်ဆန်း)တွင် ပညာသင်ကြားနေသော G-12 ကျောင်းသူ မနန္ဒာဝင်း ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၈/မသန(နိုင်) ၀၉၂၉၇၄ ဖြစ်ပါကြောင်း။
**ဦးသိန်းဝင်း**

## ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကိုင်းကျေးရွာနေ အထက(အောင်ဆန်း)တွင် ပညာသင်ကြားနေသော G-12 ကျောင်းသူ မမေဖြိုးပြည့် ၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးလင်း ၈/မသန(နိုင်)၀၈၂၅၈၆ ဖြစ်ပါကြောင်း။
**ဦးကျော်မျိုးလင်း**

## အများသိစေရန်
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊(ဃ)ရပ်ကွက်၊ သီရိကန်သာအဆင့်မြင့်အိမ်ရာစီမံကိန်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော(၂)ခန်းတွဲ(၃)ထပ်တိုက်မှ မြေညီထပ်၊ အခန်းအမှတ်(၂)ရှိ တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဝင်း ၁၂/ဥကမ(နိုင်)၀၁၂၅၀၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသဲမွန် ၁၂/မဂဒ(နိုင်)၁၂၉၅၉၄က(၉-၈-၂၀၂၄)ရက်စွဲပါ နေထိုင်ခွင့်နှင့်တကွ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင်(LL.B,DIL) အထက်တန်းရှေ့နေ (စဉ်-၄၃၄၈၁/၂၀၁၄)**
**အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း ၊ (၂)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၃၉၈၉၄၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈/၁၄ ရပ်ကွက်၊ အောင်စေတနာလမ်း၊ မြေကွက်အမှတ် (၈/ ၄၀/ ၅၂၀ (က)၊ အကျယ်အဝန်း (၂၀x၆၀) ပေရှိ ဒေါ်နီ (TGKN – ၀၄၉၇၄၁) အမည်ပေါက် ပါမစ်မြေအား ဦးထွန်းမြင့်ကျော် (၁၂/မရက (နိုင်)၀၁၇၈၄၄) မှ အဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း တရားဝင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောဝင်းမောင် (၁/မစန(နိုင်) ၀၂၀၂၃၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်သော အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည့် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်မာသော အထောက်အထား စာရွက်စာတမ်း မူရင်းအပြည့် အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ဦးစောဝင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာနည်ဝင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၂၇၅)**
**ရုံး – အင်းစိန်ရှေ့နေအသင်း၊ အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ Ph–09–420035924**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၀၉ကေရှိ ဒေါ်သီသီဆွေ ၁၂/လမန(နိုင်)၀၆၈၉၁၀(ဘ)ဦးရွှေသောင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ–၂၂၂၇၆) ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၄၄၉/၂၀၂၂(၁–၁၂–၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးပိုင်ဖြိုး ၁၄/ရကန(နိုင်)၁၄၃၈၅၉(ဘ)ဦးမြင့်နိုင်မှ ဒေါ်မို့မို့လွင် ၉/အမရ(နိုင်)၀၀၀၉၁၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)ရပ်ကွက်၊ ရွှေစင်(၈)လမ်း၊ မြေကွက်အမှတ်(၅၄၇)ဟုခေါ် တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးအေးစံ (TTN–130630)ထံမှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဂင့်လျန်း ကွယ်လွန်သဖြင့် ၎င်း၏သမီးဖြစ်သူ ဒေါ်ငိုင်လော့နွမ်း ၅/ ကလတ(နိုင်)၁၇၆၅၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီဝင်း ၁၂/ဥကမ (နိုင်) ၀၆၇၅၄၈မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉– ၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၀)၊ တံတားဦး အနောက်ရပ်၊ ဦးပိုင်အမှတ်(၄၀–ခ)၊ မြေဧရိယာ(၀ဒသမ၁၂၀)ကေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များသည် မြို့မြေဂရန်မူနံပါတ် (၁၃၇/၂၀၀၉–၂၀၁၀)အရ အမည်ပေါက်သူ ဦးဝင်းတင် ကွယ်လွန်သွား၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၀၅/၂၀၂၃)အရ ပိုင်ဆိုင်ခဲ့သူ ဒေါ်ရင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၀/၂၀၂၄)ဖြင့် ဝယ်ယူထားသူ ဦးစိုးအောင် ၉/ တတဥ(နိုင်)၀၅၇၉၉၈က ဂရန်အမည်ပြောင်းပေးရန် လျှောက်ထား လာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/53418 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူအောင် ၇/ဝမန(နိုင်)၁၂၂၀၉၀က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(RA–III)၊ ကွက်ပြင် –၃၊ ဦးပိုင်အမှတ်(၁–စ)၊ မြေဧရိယာ(၀ဒသမ၁၅)ကေရှိ မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များသည် မြို့မြေဂရန်မူနံပါတ်(၇၀၇/၉၆–၉၇)အရ အမည်ပေါက်သူ ဗိုလ်မှူးကြည်လွင်နှင့် ဒေါ်ခင်စီ တို့ကွယ်လွန်သွား၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၁၂/၂၀၂၄)အရ ပိုင်ဆိုင်ခဲ့သူ ဦးအောင် သန့် ၁၂/မဘန(နိုင်) ၀၁၃၉၈၈က စက်မှုစီးပွားဂရန်အဖြစ် ဂရန်အမည်ပြောင်း ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/4839,Suzuki Smash–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၇/ကပက(နိုင်) ၀၉၇၅၂၆က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့်ကြော်ငြာစာ
## အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁) ရပ်ကွက်၊အကွက်အမှတ်နှင့်အမည်(ရပ်–၅)၊ မင်းတဲရပ်၊ ဦးပိုင်အမှတ်(၅၉ က)၊ မြေကွက်အမှတ်(11/၂၉၇)၊ မြေဧရိယာ(၀.၀၂၇၅)ကေရှိမြေကို ဦးနိုင်နေထက် အမည်ဖြင့် မြေဌားဂရန်(အမည်ပြောင်းသက်တမ်းတိုး) လျှောက်ထားကြောင်း ပြွန်တန်ဆာမြို့၊ မြို့မ(၁)ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေး အကြောင်းကြားလိုက်သည်။

| | | |
|---|---|---|
| အရှေ့ဘက် | – | မြေကွက်အမှတ်(၂၉၇) |
| အနောက်ဘက် | – | မြေကွက်အမှတ်(၂၉၆) |
| တောင်ဘက် | – | ကန်သာယာလမ်း |
| မြောက်ဘက် | – | မြေကွက်အမှတ်(၂၉၂) |

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။

ယခုမြေကွက်ကိုအပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူ မဆိုအားသိစေလိုက်သည်မှာ အပိုင်ဂရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက် လွှာများကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ၂၀၂၄ခုနှစ် ဩဂုတ်လ(၂၆)ရက်တွင် သို့မဟုတ် ထို့နေ့မတိုင်မီပေးပို့ရမည်။ ကန့်ကွက်လွှာများကို စာဖြင့်ရေး သားရမည်။ အထက်ဖော်ပြထားသည့်ရက်၏ နောက်ပိုင်းတွင် ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍(၂၆–၈–၂၀၂၄)ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာ များကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဦးနိုင်နေထက်အမည်ဖြင့် မြေဌားဂရန် (အမည်ပြောင်းသက်တမ်းတိုး)လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/25829,Luojia–110,M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ဘားအံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၇

| | | |
|---|---|---|
| ၁။ ဒေါ်ခင်မြတ်မွန်(ခ)ဒေါ်စိန်အေး<br>၂။ ဦးမောင်မောင်သက်(ကိုယ်တိုင်နှင့် (၁)တရားလို၏အခွင့်ရကိုယ်စားလှယ်) | **နှင့်** | ၁။ ဒေါ်သန်းသန်းနွဲ့<br>၂။ မဇင်မာဦး<br>၃။ မောင်ဇင်မင်းဦး<br>၄။ မကလျာဦး<br>၅။ မောင်ဇင်ကိုဦး<br>၆။ ဒေါ်ခင်မိုးမိုး<br>၇။ ဒေါ်ခင်စိုးစိုး<br>၈။ ဦးအောင်နေလင်း<br>(ခ)နေလင်း |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် (၂/၂၄၄)နေ (၁)တရားပြိုင် ဒေါ်သန်းသန်းနွဲ့ (ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက် ( ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ် ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်သက်ဦး)**
**ခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## အမည်မှန်

ဦးသက်ထွန်းဦး၏သား မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်း ကျောင်း၊ Grade–3မှ မောင်အောင် ဒီပါဖြိုး၏ အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ မောင်အောင်သီဟဖြိုး ဖြစ်ပါကြောင်း။

**မောင်အောင်သီဟဖြိုး**

## အမည်မှန်

ဦးသက်ထွန်းဦး၏သမီး၊ မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်း ကျောင်း၊ Grade–1 မှ မခင်ဘုဏ်း သက်၏အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ မခြူးကေသီဖြစ်ပါ ကြောင်း။

**မခြူးကေသီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ ရှမ်းချောင်းရပ်နေ မောင်နိုင်းနိုင်းဇင် ၏မိဘများဖြစ်သည့် ဖခင် ဦးစိန်ထွန်း နှင့် ဦးသန်းဝင်းမှာ တစ်ဦးတည်း ဖြစ်ပြီး မိခင် ဒေါ်နွယ်နွယ်ဝင်းနှင့် ဒေါ်ဖြူဖြူဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစိန်ထွန်း(ခ)ဦးသန်းဝင်း၊**
**ဒေါ်နွယ်နွယ်ဝင်း(ခ) ဒေါ်ဖြူဖြူဝင်း**

## မိဘအမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–4 မှ မောင်သွင်ခန့်ညား၏မိဘများဖြစ် သည့် ဦးဇင်မင်းကိုကိုနှင့်ဒေါ်ခြူး ဟန်ကျော်တို့၏ အမည်မှန်မှာ မှတ် ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးထက်လူအောင်နှင့် ဒေါ်အိအိမွန် ဖြစ်ပါကြောင်း။

**ဦးထက်လူအောင်၊ ဒေါ်အိအိမွန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၈)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၂၆–ခ)ဟု ခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ (၀.၀၂၇)ကေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက် အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက် ဦးရှိတ်မေဒင်(ခ)ဦးတင်ရွှေ(TME–၀၃၁၇၂၈)ထံမှတစ်ဆင့် ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဒေါ်နှင်းဝတ်ရည် ၁၀/ပမန(နိုင်) ၂၁၁၄၂၆မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ )ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဈာန် (LL.B)**
**(စဉ်–၅၀၄၈၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်**
**ဖုန်း–၀၉–၄၄၄၄၂၁၅၄၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ ရှေ့ဆောင် ရုံဟောင်းလမ်းနေ ဦးရှာဆီဂီလီရောင်း+ဒေါ်နီနီဝင်းတို့၏သားဖြစ်သူ ဦးဟိန်း ထက်ဦး ၆/မမန(နိုင်) ၁၈၂၇၈၃သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံသည့် အပြင် မိဘအား စိတ်ဆင်းရဲဒုက္ခအကြိမ်ကြိမ်ပေးပြီး မိမိ၏သဘောဆန္ဒ အလျောက် (၁–၈–၂၀၂၄)ရက်မှစပြီး နေအိမ်ပေါ်မှ အပြီးအပိုင်ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်ပြီး အရှုပ်အရှင်း ငွေကြေးပြဿနာများနှင့်တကွ လာရောက်စုံစမ်းခြင်း မေးမြန်း ခြင်းများ လုံးဝ မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ–** | |
| **ဦးရှာဆီဂီလီရောင်း+ ဒေါ်နီနီဝင်း** | **ဦးလှမင်း(LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်–၁၀၅၈၈)**<br>**(၃၀–၄–၂၀၁၄)**<br>**မြိတ်မြို့** | **ဦးစိုးကြည်(LL.B)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်–၁၈၄၃၃)**<br>**(၃၁–၁၀–၂၀၂၃)**<br>**မြိတ်မြို့** |

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ်(၈၀) ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ နှစ်(၈၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်း အား ၂၀၂၅ခုနှစ်၊ မတ်လဆန်းပိုင်းတွင် မဂ္ဂဇင်း၏အင်္ဂါရပ်များနှင့်အညီ ရောင်စုံဓာတ်ပုံများ၊ ဦးစီးဌာနသမိုင်းမှတ်တမ်းများ၊ ပြည်တွင်း/ ပြည်ပ သတင်းများ အပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ သုတ/ရသ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို/ဝတ္ထုရှည်၊ ဆောင်းပါးစာမူများဖြင့် ဝေဆာစွာ ထုတ်ဝေနိုင်ရေး စီစဉ်လျက်ရှိပါသဖြင့် အောက်ဖော်ပြပါကဏ္ဍများနှင့် သက်ဆိုင်သည့် စာမူများ ရေးသားပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

(က) သဘာဝဘေးအန္တရာယ်အကြောင်းသိကောင်းစရာနှင့် ကြိုတင်ကာကွယ်ရေး၊ ကြိုတင် ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊

(ခ) ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး အကြောင်းအရာများ။

၂။ စာမူများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက် နောက်ဆုံးထား၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ ဖုန်း– ၀၆၇–၄၀၄၀၄၉၊ ၀၆၇–၄၀၄၀၇၁၊ အီးမေးလ် cr.research23@ gmail.com သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနှင့် email သို့ ဆက်သွယ်စုံစမ်းနိုင်သည့်အပြင် ဝန်ကြီးဌာန၏ Website ဖြစ်သည့် www. mswrr.gov.mm တွင်လည်း ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## အများပြည်သူသိစေရန်ကြေညာခြင်း

